ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့ (7-7-2014) (၇၇၉၄)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မိုးရွာသွန်းမှု

၆-၇-၂၀၁၄

ညောင်လေးပင်	၃	ဒသမ ၀၇ လက်မ
ကျိုက္ကမီ	၃	ဒသမ ၀၇ လက်မ
မအူပင်	၂	ဒသမ ၇၆ လက်မ
ရန်ကုန်(မြို့လယ်)	၂	ဒသမ ၂၀ လက်မ
ကျောက်တော်	၁	ဒသမ ၉၇ လက်မ

ပြည်သူလူထု၏လိုအပ်ချက်အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း တန်ဖိုးသင့်အိမ်ရာအဖြစ် တည်ဆောက်လျက်ရှိသော ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာချုပ်က ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်း၏ ပထမဦးစားပေးအဆောက်အအုံအလုံး ၂၀၊ ဒုတိယဦးစားပေးအဆောက်အအုံ ၁၃ လုံးနှင့် တတိယအဆင့် ဦးစားပေး ၁၆ လုံး၏ လုပ်ငန်းများပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးစိုးတင့်က လုပ်ငန်းများအား စီမံချက်အတိုင်း အချိန်မီပြီးစီးရေးလုပ်ငန်းဆောင်ရွက်မှုများ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏နေထိုင်ရေး လိုအပ်ချက်အား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး Affordable Housing တန်ဖိုးသင့်နှင့်တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးရေး၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ယနေ့ မာတိကာ

သမိုင်းပုံရိပ် သက်သေတည် လေးခင်းပြသည့် နေဝန်းနီ
စာမျက်နှာ - ၅

အခြေခံပညာရေးဂုဏ်ရောင် မညှိုးနွမ်းစေဖို့
စာမျက်နှာ - ၆

ဟောလိဝုဒ် ငွေကြယ်ပွင့်စုံတွဲ၏ ဒုတိယမြောက်ဇာတ်ကား မကြာမီရိုက်ကူးမည်
စာမျက်နှာ - ၁၂

ကမ္ဘာ့ဖလားတွင် ဂျာမနီအသင်း ဗိုလ်စွဲနိုင်မည်ဟု ဟမ်းမဲလ် ကြွေးကြော်
စာမျက်နှာ - ၁၃

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရမည့် တောင်ဘက်ပိုင်း တနင်္သာရီမြေ

ဇေယျာ(မိုင်ရာ)

တနင်္သာရီတိုင်းဒေသကြီးသည် စတုရန်းမိုင်ပေါင်း ၁၆၇၃၆ ကျယ်ဝန်းပြီး အမြင့်ပေ ၃၀၀၀ ခန့်ရှိသော တောင်တန်းများ ထူထပ်သည့်အတွက် အဖိုးမဖြတ်နိုင်သော သစ်တောများ များစွာရှိသည့် ဒေသကြီးဖြစ်သည်။ ထို့ပြင် ကပ္ပလီပင်လယ်ပြင်နှင့် ထိစပ်နေသော ကမ်းရိုးတန်းဒေသဖြစ်၍ ရေလုပ်ငန်း ဖွံ့ဖြိုးသည့် ဒေသလည်းဖြစ်သည်။

ရော်ဘာစိုက်ပျိုးရေးကို အားထားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးသည် နိုင်ငံတော်၏ ပုံစံပြောင်းအားပေးမှုများကြောင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆီအုန်းစိုက်ပျိုးမှု ၃၂၉၆၅ ဧကကို စိုက်ပျိုးပြီးဖြစ်နေသည်။ အသီးဆွတ်ခူးနိုင်မှု အနေဖြင့် ယခုအခါ ဧက ကိုးသောင်းကျော်ရှိနေပြီး ဆီကြမ်းအနေဖြင့် တန်ငါးသောင်းကျော် ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ကမ်းရိုးတန်းဒေသဖြစ်၍ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် တိုးတက်နေသကဲ့သို့ ငါး၊ ပုစွန်မွေးမြူမှုပါ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေသည်။

တနင်္သာရီဒေသ၏ ရာသီဥတုအခြေအနေမှာ ဆီအုန်းစိုက်ပျိုးရန် လွန်စွာသင့်တင့်သော အခြေအနေမျိုး မဟုတ်သည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် ကုမ္ပဏီများအနေဖြင့် စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✳

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့တွင် ခရီးသွားစီမံခန့်ခွဲမှုပညာရပ် ဖွင့်လှစ်သင်ကြားလျက်ရှိ

မန္တလေး ဇူလိုင် ၆

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ကာ ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာနတို့ ပူးပေါင်း၍ ခရီးသွားစီမံခန့်ခွဲမှုပညာဘာသာရပ်ကို အောက်မြန်မာပြည်(ရန်ကုန်)ရှိ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်နှင့် အထက်မြန်မာပြည်(မန္တလေး)ရှိ မန္တလာကောလိပ်တို့၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် အားထားရမည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်နှင့် ယခုအချိန်၌ နိုင်ငံတကာတွင် Tourism သည် ဖွံ့ဖြိုးနေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း Tourism ဘွဲ့ ရရှိပြီးသူများ ပေါ်ထွန်းစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကောလိပ်ကျောင်းများတွင် ခရီးသွားစီမံခန့်ခွဲမှု ပညာဘာသာရပ်ကို ဖွင့်လှစ်သင်ကြားခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကြေးမုံ စာ တည်း ရှု ထောင့် ၇-၇-၂၀၁၄ [တနင်္လာနေ့]

ကောင်းမွန်သော မြို့ပြစနစ်

မိမိတို့နိုင်ငံ၏ သမိုင်းဝင်အထင်ကရ "ရွှေတိဂုံစေတီတော်"မြတ်ကြီးကို ပဲခူးရိုးမတောင်စွယ်အဖျားအစွန်း သိင်္ဂုတ္တရကုန်းတော်တွင် သပ္ပာယ်စွာ ဖူးတွေ့နိုင်ပါသည်။

ဤစေတီတော်မြတ်ကို အကြောင်းပြု၍ ရှေးက "ဒဂုံ"ဟုခေါ်တွင်ခဲ့သော မြို့ပြတစ်ခု စည်စည်ကားကား ထင်ရှားရှိခဲ့သည်။ အလောင်းမင်းတရားကြီး လက်ထက် ဒဂုံမြို့ပြကိုတိုက်ခိုက်သိမ်းပိုက်ကာ ရန်အပေါင်းကုန်စင်ပြီး တဘောင်နိမိတ်ယူလျက် "ရန်ကုန်"ဟု သမုတ်ခဲ့ရာမှ မျက်မှောက်ကာလထိ ရန်ကုန်ဟု ခေါ်တွင်လာခဲ့ပါသည်။

နယ်ချဲ့အင်္ဂလိပ်များ ရန်ကုန်ကိုသိမ်းယူပြီးနောက်တွင် မြို့တော်တစ်ခုကို အင်္ဂါရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရွှေတိဂုံကုန်းတော်မှ သံလျက်စွန်းကြားနေရာတွင် စနစ်တကျလမ်းများဖောက်လုပ်၊ အကွက်ရိုက်ကာ တည်ဆောက်ခဲ့ကြသည်။ ထိုအချိန် ဆူးလေစေတီတော်မြတ်ကြီးက လမ်းအလယ်ဗဟိုအူကြောင်းနေရာရောက်နေသည်။ လမ်းနှင့်မလွတ်၍ ဖြိုဖျက်မည်ကို တိုင်းရင်းသားအရေးပိုင်တစ်ဦးက အချက်ပိုင်ပိုင်တင်ပြနိုင်မှုကြောင့် ဘုရားကို ဗဟိုကွေ့ဝိုက်ကာ လမ်းဖောက်သွားခဲ့၍ ယနေ့ ဆူးလေဘုရားကို မိမိတို့ ဖူးမြော်ခွင့်ရနေကြခြင်းဖြစ်ပါသည်။

ထိုသို့ မြို့သစ်တည်ခဲ့ရာတွင် ရေဝင်ရေထွက်၊ ဒီရေတောလတာပြင်အရပ်များဖြစ်နေရာ ရွှံ့နွံများကိုထုတ်လျက် အမာခံရေဝင်ရေထွက် ရေထုတ်မြောင်းများကို စနစ်တကျဖွဲ့တည်လျက် အပေါ်မှ လူသွားလမ်းများခင်းခဲ့ကြပါသည်။ ပုဇွန်တောင်မှ ကြည့်မြင်တိုင်အထိ ပင်မရေထွက်ပေါက်ကြီးပေါင်း ၂၀ ထိရှိနေပြီး ထိုရေမြောင်းကြီးများ၏ လက်တံမြောင်းတို၊ မြောင်းရှည်များ လက်ယှက်ထိုးလျက်ရှိခဲ့ပါသည်။

အပေါ်မှဖောက်လုပ်ခဲ့သည့် လမ်းမကြီးများသည်လည်း ထိုအချိန်က စက်တပ်ယာဉ် နည်းသေးသည်။။ အဓိကမှာ လန်ချားနှင့် မြင်းရထားလုံးများ သွားခဲ့သည့်လမ်းများသာရှိသည်။ နှစ်ပေါင်းတစ်ရာကျော်ကြာ ယခုကာလတွင် ရန်ကုန်မြို့၌ ကားစီးရေ ငါးသိန်းဝန်းကျင် ရှိလာသည်။ တစ်ချိန်က လန်ချားနှင့် ရထားလုံးသွားလမ်းများတွင် ကားများနှင့် ပြည့်ကျပ်လာသည်။ ထိုအထဲတွင် ခရီးသည်တင်ယာဉ်လိုင်းပေါင်း ၃၆၇ လိုင်းမှ လိုင်းကား ၆၄၄၆ စီးကလည်း ရှိနေသည်။ ထိုလိုင်းကားများ အပြည့်မဆွဲဘဲ ယာဉ်စီးရေ ၃၈၀၀ ဝန်းကျင်သာ လိုင်းပေါ်ရှိနေပြီး အစီး ၂၅၀၀ လောက်က ပျက်ကွက်နေကြောင်း သိရသည်။ ယင်းသည် အဆိုးထဲက အကောင်းဟုဆိုရမည်။

ကားများလာ၍ လမ်းတွေကိုချဲ့လာရသည်။ ထပ်ပိုးလွှာများ ခင်းလာရသည်။ သို့သော်လည်း ရန်ကုန်မြို့လယ်မှာ ရုံးတက်၊ ရုံးဆင်းချိန် ကားများ ပြည့်ကျပ်နေဆဲ။ ကားများနှင့် စည်းကမ်းမဲ့ပြည်သူအချို့ကြောင့် မဟာရန်ကုန်၏ မြေပေါ်မြေအောက် လမ်းများသည် ဝန်နှင့်အားမမျှရှိလာနေရပြီ။ မဟာရန်ကုန်၏ မြေအောက်လမ်းများဖြစ်သည့် ရေထွက်မြောင်းကြီးများ ပိတ်ဆို့လာသည်။ ကြံ့ခိုင်မှုအားနည်းလာသည်။ နှစ်ပေါင်းရာကျော် တာဝန်ကျေလာခဲ့သည့် မြေအောက်ရေထွက်ပေါက်လမ်းများ။ ဤမြေအောက်လမ်းများ ကြံ့ခိုင်မှုအားနည်းလာပြီဆိုလျှင် မြေပေါ်လမ်းမကြီးများလည်း စိတ်မချရတော့ပါပြီ။ အမြဲမပြတ် ပွတ်သိပ်နေသော ကားများက "ဘူးလေရာ ဖရုံဆင့်" ဆိုသလို လမ်းများ၏ခံနိုင်ရည်အားကို အကဲစမ်းနေကြပါပြီ။

မလေးရှားနိုင်ငံ မြို့တော် ကွာလာလမ်ပူတွင် မြေအောက်လိုဏ်ခေါင်း ပြိုကျ၍ ယာဉ်သွားလမ်းမကြီး ပျက်စီးနေမှုကို လတ်တလောသတင်းတစ်ပုဒ်တွင် ဓာတ်ပုံနှင့်တကွ တွေ့လိုက်ရသည်။ မိမိတို့ရန်ကုန်မြို့ကြီးတွင်လည်း တစ်ချိန်ချိန် ထိုအဖြစ်မျိုးမကြုံရအောင် မြို့တော်မှ ပညာရှင်များ သတိမူကြရတော့မည်ဖြစ်သည်။

မြေအောက်လိုဏ်များ စနစ်ကျ၍ နှစ်ပေါင်းတစ်ရာကျော်ခံခဲ့သော်လည်း စနစ်မကျ၊ စည်းကမ်းမလိုက်နာ၊ မထိန်းသိမ်းနိုင်၍ ခဏနှင့် ပြိုပျက်သွားနိုင်သည်။ ထို့ကြောင့် မြို့ပြစနစ်ကောင်းမွန်ရေးအတွက် ရှိပြီးစနစ်များကို ထိန်းသိမ်းလျက် နောင်နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် အရှည်တည်တံ့မည့်ကောင်းမွန်သော မြို့ပြစနစ်ဖြစ်ထွန်းလာရေးအတွက် အလျင်အမြန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။ ။

ပညာရေးမြှင့်တင်ရေးနှင့် ရန်ကုန်တက္ကသိုလ်သုတေသနဆိုင်ရာများ ဆွေးနွေး

ရန်ကုန် ဇူလိုင် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပညာရေးမြှင့်တင်ရေးနှင့် ရန်ကုန်တက္ကသိုလ် သုတေသနဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးအတွက် တက္ကသိုလ်ဆိုင်ရာ စီမံကိန်းများရေးဆွဲရေး၊ ဘတ်ဂျက်အသုံးစရိတ်များ ကြိုတင်ရေးဆွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စများနှင့် တက္ကသိုလ်၏ ဥပဒေရပ်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများက တက္ကသိုလ်နှင့် ဘာသာရပ်ဌာနများအလိုက် သင်ကြားစီမံဆိုင်ရာကိစ္စများကို တင်ပြခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်သူ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထီဆုမဲအမျိုးအစားများ ပြုပြင်ပြောင်းလဲဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၆

(၁၀၇)ကြိမ်မြောက် ထီဖွင့်ပွဲမှ စတင်၍ ဆုမဲခွဲဝေဖွင့်လှစ်သည့် ထီဆုမဲ အမျိုးအစားများကို ပြုပြင်ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဘာလေ သိန်းဆုဌာနခွဲသည် ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၁၀၇)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲမှစ၍ အထူးဆုကြီးစနစ်ဖြင့် ကျပ်သိန်း ၁၅၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၅၀၀ ဆုတစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၂၀၀ ဆုငါးဆု၊ ဆုတစ်ဆုချင်း ဆုမဲများအဖြစ် ကျပ်သိန်း ၁၀၀ ဆု ၁၃ ဆု၊ ကျပ်သိန်း ၅၀ ဆု ငါးဆု၊ ၂၅ သိန်းဆု ငါးဆု၊ ၁၀ သိန်းဆု ၂၀၀၊ ငါးသိန်းဆု ၂၀၊ သုံးသိန်းဆု ၁၂၂ ဆု၊ နှစ်သိန်းဆု ၄၅၈ ဆု၊ တစ်သိန်း ပဒေသာ ယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် ၄ ယူနစ်အတွက် ၁၂၀၀၀ ဆု၊ ငါးသောင်း ပဒေသာယူနစ်ဆုမဲများအဖြစ် တစ်ယူနစ်လျှင် ဆုမဲ ၃၀၀၀ ဖြင့် ၅ ယူနစ်အတွက် ၁၅၀၀၀ ဆု ဆုမဲစုစုပေါင်း ၂၇၈၃၃ ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပြောင်းလဲခြင်းမှာ လက်ရှိမင်္ဂလာစုံတွဲ ယူနစ်ဆုများနှင့် ကျပ်သိန်း ၁၅၀၀ ကို အခြေပြု ဖွင့်လှစ်ပေးခဲ့သော မိတ်သဟာ ပူးတွဲဆုများကို ဖျက်သိမ်းပြီး ပဒေသာယူနစ်ဆုမဲစနစ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျပ်တစ်သိန်း ပဒေသာ ယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံး ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်တစ်သိန်းဆု ရရှိမည်ဖြစ်ပြီး ကျပ်ငါးသောင်း ပဒေသာယူနစ်ဆုမဲစနစ်တွင် တစ်ယူနစ်အတွက် ဂဏန်းလေးလုံး ဖွင့်လှစ်ပေးမည်ဖြစ်၍ ယင်းရှေ့ဂဏန်းလေးလုံးနှင့် မည်သည့်အက္ခရာမဆို အစဉ်လိုက်တူညီပါက ကျပ်ငါးသောင်း ရရှိမည်ဖြစ်ကြောင်း အောင်ဘာလေ သိန်းဆုဌာနခွဲမှ သတင်းရရှိသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲက ထီဆုငွေများကို အောင်ဘာလေထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲအမျိုးအစားအလိုက်ခွဲခြားပြီး လစဉ်ထီဖွင့်ပွဲများ ကျင်းပဖွင့်လှစ်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မော်လိုက်၌ ကျင်းပ

မော်လိုက် ဇူလိုင် ၆

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၆ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ဂေါက်ကွင်းကျင်းအမှတ် (၉)၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မဲဇလီ၊ ခရေ စသည့် ပျိုးပင်စုစုပေါင်း ၃၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကျော်ပွား (မော်လိုက်)

နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု တတိယအဆင့်လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၆

အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ်မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲအောက်ရှိ တပ်ဖွဲ့ဝင်များအား နိုင်ငံတော်ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမှတ်(၂) တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးရုံးများ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးမှူးများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင် လေးခရိုင်မှ ခရိုင်မီးသတ်တာဝန်ခံများက တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များ ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ **(ယာပုံ)**သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် သာသနာရေးရာနှင့် ဝိနိစ္ဆယရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် သတ္တမအကြိမ် စတုတ္ထလေးလပတ် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပြင့်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးသည်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်းဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အတည်ပြုချက်ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သာသနာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတော်မူကြပြီး အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက " ဇယန္တော ဗောဓိယာမူလေ" အစချီ(၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေး မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယနေ့အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား ယနေ့တစ်နေ့တာအတွက် ဆွမ်း၊ခဲဖွယ်၊ဘောဇဉ်များအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက (၁၂)ကြိမ်မြောက် ကောင်းမှုအဖြစ်လှူဒါန်းကြောင်း သိရှိရသည်။

(သတင်းစဉ်)

*** ပြည်သူလူထုမှ**

လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ပြည်သူလူထု၏လိုအပ်ချက်အား ထိထိရောက်ရောက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး၊ ခေတ်မီနည်းပညာအသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသော အိမ်ရာစီမံကိန်းဖြစ်ရေးတို့အတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များပံ့ပိုးပေးနေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပထမဦးစားပေးအဆောက်အအုံ အလုံး၂၀ အနက် ရွှေတောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အဆောက်အအုံ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံအရှေ့ပိုင်းခရိုင် ဒဂုံအရှေ့မြို့နယ် ကနောင်ခန်းမ၌ကျင်းပသည့် ဒဂုံမြို့သစ်လေးမြို့နယ် ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ၏(၁၂/၂၀၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဒဂုံမြို့သစ်လေးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသော မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများမှ အမိုက်ပစ်မှု စသည့်လုပ်ငန်းများအား စည်းကမ်းရှိရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ကိုယ်စားလှယ်များကလည်း လိုအပ်ချက်များ တင်ပြကြရန်နှင့် ယခုဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ်လေးမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့်နီးကပ်စွာတည်ရှိ၍ ချောင်း၏အရင်းမှ စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်နှင့် ဒဂုံမြို့သစ်လေးမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်လေးမြို့နယ် ရေကြီးရေလျှံမဖြစ်စေရန်၊ ထိန်းသိမ်းရေးကော်မတီဝင် မြို့တော်စည်ပင်အတွင်းရေးမှူး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများ ဆွေးနွေးပြောကြားကြပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ဒဂုံမြို့သစ်လေးမြို့နယ်၏ ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများမှာ ရာနှုန်းပြည့်နီးပါးပြီးစီးလာပြီဖြစ်၍ လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ မိုးရာသီ၏မိုးလယ်ကာလ ရောက်ရှိလာပြီဖြစ်၍ ကျန်ရှိသော မိုးနှောင်းကာလကို ပိုင်ပိုင်နိုင်နိုင် ထိန်းသိမ်းနိုင်ပါက ယခုမိုးရာသီတွင်ဖြစ်ပေါ်လာမည့် ရေကြီးရေလျှံမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်၍ကျန်ရှိသောကာလအတွင်း လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးနှင့် လိုအပ်ချက်များအား တာဝန်ရှိသူများက စေတနာထား၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

ပင်လုံ ဇူလိုင် ၆

ပင်လုံမြို့နယ် ပင်လုံအရှေ့ကျေးရွာအုပ်စု၊ ကျူရုံးကျေးရွာဘုန်းကြီးကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲ၊ လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။ဟောပြောပွဲ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေ၊ ပင်လုံမြို့နယ်ရဲစခန်းမှ ဒုတိယရဲအုပ် အောင်အောင်ထွန်း၊ ပင်လုံမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းလင်း၊ ပင်လုံမြို့ ပင်လုံအရှေ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းလှဦးတို့က ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

မြင့်မြင့်ဆွေ(ပြန်/ဆက်)

ဂျာမနီဝန်ကြီးချုပ်၏ သုံးရက်ကြာ တရုတ်ခရီးစဉ်စတင်

ပေကျင်း ဇူလိုင် ၆

ဂျာမနီနိုင်ငံဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်၏ သုံးရက်ကြာ တရုတ်နိုင်ငံ ခရီးစဉ်ကို ယနေ့စတင်လိုက်ပြီဖြစ်ပြီး ယင်းခရီးစဉ်တွင် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ထိပ်တန်းအဆင့် အစီအစဉ်ရှိကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နှင့်ဂျာမနီ နှစ်နိုင်ငံတို့သည် အရေးပါသော ကုန်သွယ်ဖက်များဖြစ်ပြီး ဂျာမနီဝန်ကြီးချုပ် မာကဲလ် ဦးဆောင်သည့် ခရီးစဉ်တွင် ဂျာမနီစီးပွားရေးလုပ်ငန်းများမှ အဆင့်မြင့်တာဝန်ရှိသူ အများဆုံးပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဇူလိုင် ၆ ရက်တွင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ် ချန်ဒူးမြို့သို့ ဂျာမနီဝန်ကြီးချုပ် သွားရောက်မည်ဖြစ်သည်။ ယင်းမြို့တွင် ဂျာမနီမှ ကုမ္ပဏီပေါင်း ၁၅၀ ကျော်ခန့် လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

ယခုခရီးစဉ်သည် ၂၀၀၅ ခုနှစ်ကတည်းကစ၍ ဂျာမနီနိုင်ငံဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် အိန်ဂျလာ မာကဲလ်၏ သတ္တမအကြိမ်မြောက် တရုတ်နိုင်ငံ ခရီးစဉ်ဖြစ်သည်။

ဆွေးနွေးမည်

ခရီးစဉ်အတွင်း ဂျာမနီဝန်ကြီးချုပ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ တရုတ်ဝန်ကြီးချုပ် လီကက်ချင်းတို့နှင့် လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အမေရိကန်ပြီးလျှင် ဂျာမနီနိုင်ငံသည် တရုတ်၏ ဒုတိယအကြီးဆုံး ပို့ကုန်ဈေးကွက်လည်းဖြစ်သည်။ ယမန်နှစ်က ဂျာမနီမှ တရုတ်နိုင်ငံသို့ ယူရို ၆၇ ဘီလျံတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံမှ ယူရို ၇၃ ဘီလျံတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်သွင်းခဲ့သည်။

ဘီဘီစီ။

ခွဲထွက်ရေးသမားများ စကိုဗီယာနက် ခြေကုပ်စခန်းမှထွက်ခွာ

ကီယက်ဗ် ဇူလိုင် ၆

ယူကရိန်းတပ်မတော်က အင်အားကြီးမားစွာဖြင့် ထိုးစစ်ဆင်လာသဖြင့် စကိုဗီယာနက်မြို့ရှိ ၎င်းတို့၏ အရှေ့ပိုင်းခြေကုပ်စခန်းမှ ရွှေ့ပြောင်းသွားကြကြောင်း ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ပြောကြားသည်။

မြို့တော်ကောင်စီအဆောက်အအုံပေါ်တွင် ယူကရိန်းနိုင်ငံတော်အလံကို လွှင့်ထူထားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဗာလီတိုဟီလီဆေးကပြောသည်။

အစိုးရတပ်၏အင်အားပိုမိုများပြားစွာဖြင့် စီးနင်းလာသည့်အတွက် တိုက်ခိုက်ရေးသမားများကို နေရာပြောင်းဖြန့်ကြက် ထားကြောင်း ခွဲထွက်ရေးခေါင်းဆောင်များက ပြောသည်။

ဆယ်ရက်ကြာ အပစ်အခတ်ရပ်စဲရေး အဆုံးသတ်ပြီးနောက် ယူကရိန်းတပ်ဖွဲ့များက ခွဲထွက်ရေးသမားများကို စတင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။

စကိုဗီယာနက်ကို ပြန်လည်သိမ်းယူလိုက်နိုင်ခြင်းဖြစ်သည် ကီယက်ဗ်အစိုးရ၏ အဓိကအောင်မြင်မှုတစ်ခုဖြစ်ကြောင်း ဘီဘီစီသတင်းထောက်ကပြောသည်။

ခွဲထွက်ရေးသမားများကထောက်ခံသည့် စကိုဗီယာနက်မြို့တော်ဝန် ဗလာဒီမာပေ့လင်ကိုက တိုက်ခိုက်ရေးသမားများ မြို့မှထွက်ခွာသွားခဲ့ကြကြောင်းကို အေအက်ဖ်ပီသတင်းဌာနသို့ အတည်ပြုပြောကြားသည်။

တိုက်ခိုက်ရေးသမားများသည် ကရာမာတော်မြို့သို့ ရွှေ့ပြောင်းသွားကြကြောင်း ခွဲထွက်ရေးသမားများ၏ တပ်မှူးတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

ဘီဘီစီ။

စကိုဗီယာနက်မြို့မှ ယူကရိန်းအစိုးရတပ်ဖွဲ့ သံချပ်ကာယာဉ်တစ်စီးအား တွေ့ရစဉ်။

ကျူးဘားနှင့် လက်တင်နိုင်ငံများသို့ ပူတင်ခရီးလှည့်မည်



မော်စကို ဇူလိုင် ၆

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ကျူးဘား၊ အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့ကို သွားရောက်လည်ပတ်မည့် အရေးပါသော လက်တင်အမေရိက ခရီးစဉ်အား လာမည့်ရက်သတ္တပတ်တွင် စတင်မည်ဖြစ်သည်။

၎င်း၏ ခြောက်ရက်ကြာခရီးစဉ်ကို ဇူလိုင် ၁၁ ရက်နေ့တွင် ကျူးဘားသို့ သွားရောက်ခြင်းဖြင့် စတင်မည်ဖြစ်သည်။ ယင်း နိုင်ငံ၌ သမ္မတ ရာအူးကက်စထရို၊ ကျူးဘားတော်လှန်ရေး၏ ဖခင်ကြီး အသက် ၈၇ နှစ်ရှိနေပြီဖြစ်သည့် ဖီဒဲလ်ကက်စထရိုတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ကရင်မလင်က သောကြာနေ့တွင် ပြောသည်။

ပူတင်နှင့် ကျူးဘားခေါင်းဆောင်များသည် စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းနှင့် အာကာသကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ဆိုဗီယက်ပြည်ထောင်စု ခေတ်မှ ကျူးဘားနိုင်ငံအပေါ် တင်ရှိနေသော ကြွေးမြီဒေါ်လာ ၃၅ ဘီလီယံကျော်၏ ၉၀ ရာခိုင်နှုန်းကို ပယ်ဖျက်ပေးရန် ရုရှားပါလီမန်က ပူတင်ခရီးစဉ်မစမီ မဲပေးဆုံးဖြတ်ခဲ့သည်။ ကျန်ငွေများမှာ ကျူးဘား၌ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ကြိုတင်လျာထားရန်ဖြစ်သည်။

ပူတင်သည် ကျူးဘားနိုင်ငံမှ အာဂျင်တီးနားနိုင်ငံသို့ သွားရောက်၍ သမ္မတခရစ်တီးနားကက်ရှနားနှင့် ကုန်သွယ်ရေး၊ စွမ်းအင်ကဏ္ဍများကို ဆွေးနွေးမည်ဖြစ်သည်။

ယင်းနောက် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဘရစ်ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

အေအက်ဖ်ပီ။

အိန္ဒိယတောင်ပိုင်းတွင် တံတိုင်းပြိုကျ၊ ၁၁ ဦးသေဆုံး

နယူးဒေလီ ဇူလိုင် ၆

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၆ ရက်က တံတိုင်းတစ်ခုပြိုကျရာ ကလေးတစ်ဦးအပါအဝင် ၁၁ ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တမီလ်နာဒူးပြည်နယ် တီဂူဗာလာခရိုင်တွင် မုတ်သုံမိုး သည်းထန်စွာ ရွာသွန်းပြီးနောက် ခြံဝင်းတစ်ခုအတွင်း နေထိုင်သော အလုပ်သမားများ၏ တဲများအပေါ်သို့ အဆိုပါ တံတိုင်းပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သေဆုံး

သေဆုံးသူ ၁၁ ဦးအနက် အမျိုးသမီးလေးဦး၊ ကလေးတစ်ဦးပါဝင်ကြောင်း တီဂူဗီလာခရိုင်မှ တာဝန်ရှိပုဂ္ဂိုလ်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

၎င်းအလုပ်သမားများမှာ တမီလ်နာဒူးပြည်နယ်နှင့် ကပ်လျက်ဖြစ်သော အင်ဒရာပရာဒေ့ရှ်ပြည်နယ်မှဖြစ်ကြောင်း ကုန်လှောင်ရုံတစ်ရုံတွင် အလုပ်လုပ်နေကြသူများဖြစ်ကြကြောင်း တာဝန်ရှိသူက သတင်းဌာနသို့ ပြောကြားသည်။

အေအက်ဖ်ပီ။

တရုတ်နိုင်ငံမှ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲ ၁၄ ဦးခန့် ပိတ်မိနေ

ပေကျင်း ဇူလိုင် ၆

တရုတ်နိုင်ငံ ဆင်ကျန်းပြည်နယ်၌ ဇူလိုင် ၅ ရက် ည ၈ နာရီ ၄၃ မိနစ်ခန့်က ကျောက်မီးသွေးတွင်းတစ်တွင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီး အလုပ်သမား ၁၄ ဦးခန့် ပိတ်မိလျက်ရှိကြောင်း ဇူလိုင် ၆ ရက်သတင်းတွင် ဖော်ပြသည်။

ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ယင်းကျောက်မီးသွေးတွင်းအတွင်း၌ အလုပ်သမား ၂၀ ခန့် အလုပ်လုပ်နေချိန်ဖြစ်ကြောင်းနှင့် အလုပ်သမားသုံးဦးကို ဘေးကင်းစွာကယ်ထုတ်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဆင်ဟွာ။

ဂျပန်က ပြည်ပသို့ စစ်လက်နက်များ ပထမဆုံးအကြိမ် တင်ပို့တော့မည်

တိုကျို ဇူလိုင် ၆

ဂျပန်နိုင်ငံသည် ၎င်း၏ လက်ရှိစစ်ရေးနှင့် စီးပွားရေး အခြေအနေကို မြှင့်တင်ရန် ရည်ရွယ်လျက် ပြည်ပသို့ ပထမဆုံးအကြိမ် လက်နက်တင်ပို့ခြင်းကို အတည်ပြုမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

ဂျပန်သည်ပြည်ပသို့ လက်နက်တင်ပို့ခြင်းအား ၎င်းတို့ ကိုယ်တိုင်ပိတ်ပင်ထားမှုကို ဖြေလျှော့ခဲ့ပြီးဖြစ်သည်။

မစ်ဆူဘီရှိ အကြီးစားစက်မှုလုပ်ငန်းသည် အဆင့်မြင့် ဆင်ဆာကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရန် စီစဉ်လျက်ရှိသည်။ ယင်းကို ပီထရော့အမျိုးအစား ပီအေစီ-၂ စွမ်းရည်မြင့် ဒုံးကျည်ကာကွယ်ရေးစနစ်တွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ပြီး ၎င်းစနစ်ကို ကာတာနိုင်ငံသို့ ရောင်းချမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်ကို မဖော်ပြဘဲ နီကိုင်းစီးပွားရေး သတင်းစာက ရေးသားသည်။

ဂျပန်နိုင်ငံက ဧပြီလတွင် ၎င်းတို့၏ နိုင်ငံခြားသို့ လက်နက်တင်ပို့ခြင်းကို တားမြစ်သည့် အစဉ်အလာအား ပြင်ဆင်ခဲ့ပြီးနောက် တိုကျို၏ ဆုံးဖြတ်ချက်သည် ယခုလ နှောင်းပိုင်းတွင် တရားဝင် ဖြစ်လာဖွယ်ရာရှိသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အစိုးရသည် နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းများကြီးထွားလာစေရန်နှင့် စစ်လက်နက် ပစ္စည်းများ ဖွံ့ဖြိုးရေး နိုင်ငံတကာ အစီအစဉ်များတွင်ပါဝင်ခွင့်ရရှိရန် ရည်ရွယ်၍ စစ်လက်နက်များ ပြည်ပသို့ပို့ရန် စည်းမျဉ်းများကို ဖြေလျှော့ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ကာတာနိုင်ငံသို့ ဒုံးကျည်များ လွှဲပြောင်းပေးမည့် အစီအစဉ်အား မည်သို့မျှ ပြဿနာများပေါ်ပေါက်လာခြင်းမရှိစေရန် ဂျပန်က အဆုံးသတ်ပေးလိုက်ပြီဖြစ်ကြောင်းနီကိုင်းကဖော်ပြသည်။

မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်းသည် ပီအေစီ-၂ ဆင်ဆာကို ဂျပန်ကာကွယ်ရေးတပ်မတော်အတွက် ရေသီယွန်ကုမ္ပဏီထံမှ လိုင်စင်ခံ၍ ထုတ်လုပ်ခြင်းဖြစ်သည်ဟု နီကိုင်းက ပြောသည်။ **အေအက်ဖ်ပီ။**

မစ်ဆူဘီရှိထုတ် ဆင်ဆာအသုံးပြုထားသော ပီအေစီ-၂ ပီထရော့ဒုံးကျည်ပစ်လောင်ချာ။

သမိုင်းပုံရိပ် သက်သေတည် လေးခင်းပြသည့် နေဝန်းနီ

ကာဂိုရှိမ စီရင်စု အမာမိကျွန်းအနီး ဂျပန်စစ်သည်များ စစ်ရေးလေ့ကျင့်ကြစဉ်။

စစ်ပြီးခေတ်လွန်ကာလတစ်လျှောက်လုံး စစ်ဆန့်ကျင်ရေးဝါဒကျင့်သုံးလာခဲ့သော ဂျပန်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာ မူဝါဒကို ပြင်ဆင်ပြောင်းလဲရန် ဇူလိုင်လဆန်းက ဆုံးဖြတ်လိုက်ရာ အိမ်နီးချင်းတရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့မှာ မျက်ကလူးဆန်ပျာ ဖြစ်ခဲ့ကြရသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဦးဆောင်သော ဝန်ကြီးအဖွဲ့က ကာကွယ်ရေးဆိုင်ရာမူဝါဒကိုတစ်ဆစ်ချိုးပြောင်းလဲလိုက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ စစ်ဆန့်ကျင်ရေးစည်းမျဉ်းများပြေလျော့သွားတော့မည်လောဟု ပြည်တွင်း၊ ပြည်ပမှ စိုးရွံ့စိတ်များဖြင့် မချင့်မရဲဖြစ်ကြရသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များသည် စစ်ဆန့်ကျင်ရေးမူဝါဒကို ထင်ဟပ်နေခဲ့ပြီး ပြည်ပသို့ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်။

သို့ရာတွင် ဝန်ကြီးချုပ် အာဘေး၏ ကာကွယ်ရေးမူဝါဒပြင်ဆင်ပြောင်းလဲမှု ပြုလုပ်ရန် ဆုံးဖြတ်ချက်အရ စစ်ဆန့်ကျင်ရေးကိုအလေးပေးသောဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ ပြေလျော့သွားစရာအကြောင်းရှိလာပေလိမ့်မည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်နောက်ပိုင်း ပင်လယ်ရပ်ခြားနိုင်ငံများသို့ တိုက်ခိုက်ရေးတပ်ဖွဲ့များစေလွှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားမြစ်ပိတ်ပင်ထားသည်။

ပြည်ပ၌ စစ်ရေးလှုပ်ရှားမှုမပြုလုပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားမြစ်ပိတ်ပင်ထားချက်ကို ပြေလျော့စေရေးအတွက် ပါလီမန်၏ ထောက်ခံမှု အပြည့်အဝရရှိရန် လိုအပ်သည်။

အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ် ပါတီက အောက်လွှတ်တော်၌ လွှမ်းမိုးထားပြီး အထက်လွှတ်တော်၌လည်း မဟာမိတ်ပါတီတစ်ပါတီ၏ ထောက်ခံမှုနှင့်အတူ အနိုင်ရဖွယ်ရှိနိုင်ခြင်းကြောင့်အစိုးရ၏ ကာကွယ်ရေးမူဝါဒ ပြင်ဆင်ရေးဥပဒေကြမ်း ကျိန်းသေပေါက်ဖြစ်လာတော့မည်လောဟု တွေးဆစရာဖြစ်သည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် တစ်ရပ်ပြုလုပ်ရန်မှာ အထက်နှင့်အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် အမတ်အရေအတွက်၏ သုံးပုံနှစ်ပုံထံမှ ထောက်ခံမှုရရှိရန် လိုအပ်သည့်အပြင် ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူအများစု၏ ထောက်ခံမဲရရှိရန်လိုအပ်သည်။

မိတ်ဆွေ(မဟာမိတ်)နိုင်ငံတစ်နိုင်ငံတိုက်ခိုက်ခံရလျှင် ယင်းနိုင်ငံအား စစ်ရေးအကူအညီပေးရေးဟူသော "စုပေါင်းကာကွယ်ရေးစနစ်" ကျင့်သုံးခွင့်ရရှိလာရန် လိုအပ်သည်ဟု ဝန်ကြီးချုပ်အာဘေးက ရှုမြင်သည်။

မိမိ၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံတိုက်ခိုက်ခံရခြင်းသည် မိမိနိုင်ငံလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပါက၊ မိမိပြည်သူများ၏ အခွင့်အရေးများကို ထိပါးပါက နောက်ဆုံးရွေးလမ်းမရှိသည့်အဆုံး အနည်းဆုံးပမာဏဖြင့် စစ်အင်အား အသုံးပြုခွင့်ရှိသင့်သည်ဟု ကာကွယ်ရေးမူဝါဒပြင်ဆင်ရေးဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ဂျပန်အစိုးရအဖွဲ့၏ ယင်းဆုံးဖြတ်ချက်အရ ကုလသမဂ္ဂကဦးဆောင်သော ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများတွင် ဂျပန်နိုင်ငံ ပါဝင်လှုပ်ရှားရန် လမ်းပွင့်သွားမည်ဖြစ်မည်။

ကာကွယ်ရေးမူဝါဒ ပြောင်းလဲရေးဆုံးဖြတ်ချက်နှင့်အညီ ပါလီမန်က သက်ဆိုင်ရာဥပဒေများကို ပြင်ဆင်ပြောင်းလဲရန် လိုအပ်လာသည်။ လက်နက်ကိုင် တိုက်ခိုက်မှုများအား တုံ့ပြန်ရေးနှင့်စပ်လျဉ်းသည့် ကာကွယ်ရေးတပ်ဖွဲ့များဆိုင်ရာ ဥပဒေ၊ ဂျပန်နိုင်ငံ၏ အနီးဝန်းကျင်၌ ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေနှင့် သက်ဆိုင်သည့် ဥပဒေ၊ ငြိမ်းချမ်းမှုထိန်းသိမ်းရေး စစ်ဆင်ရေးလုပ်ငန်းများဆိုင်ရာ ဥပဒေစသည့် ဥပဒေများကို ပါလီမန်အမတ်များက ပြန်လည်သုံးသပ်ရန် လိုအပ်လာလိမ့်မည်။

ကာကွယ်ရေးမူဝါဒ ပြင်ဆင်ရေးဆုံးဖြတ်ချက်ကို ကန့်ကွက်သည့် ဆန္ဒပြပွဲတစ်ရပ်ပေါ်ပေါက်ခဲ့ပြီး ပြည်သူ ၁၀၀၀၀ ခန့် ပါဝင်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သို့ရာတွင် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့ ဒုတိယအတွင်းဝန်ချုပ် ကတ်ဆုနိုဘူကာတိုးက ကာကွယ်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အာဘေးသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ငြိမ်းချမ်းသော လူ့ဘောင်ကို တည်ဆောက်ရန် အဖန်တလဲလဲ မိန့်ကြားခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်(၉)တွင် စစ်ဆင်နွှဲတိုက်ခိုက်ခြင်းကို ပိတ်ပင်ထားကြောင်း၊ ပင်လယ်ရပ်ခြားနိုင်ငံများ၌ ဖြစ်ပွားသော စစ်ပွဲများအတွင်းသို့ ဂျပန်တပ်ဖွဲ့များကို အရမ်းကာရော စေလွှတ်မည်မဟုတ်ကြောင်း၊ မိမိ၏နိုင်ငံနှင့်မဟာမိတ်နိုင်ငံများမှ ပြည်သူများ၏ အသက်အန္တရာယ်ခြိမ်းခြောက်ခံရမှုရှိမှ သာလျှင် စုပေါင်းကာကွယ်ရေးစနစ်အရ စစ်အင်အားကို အသုံးပြုခွင့်ရှိမည်ဖြစ်ကြောင်း အစိုးရ တာဝန်ရှိသူများက ပြောကြားကြသည်။

ပြည်ပ၌ စစ်ရေးအရ စွက်ဖက်ခြင်းဟူသည် နောက်ဆုံး နည်းလမ်းတစ်ရပ်သာလျှင်ဖြစ်ပြီး အနည်းဆုံးပမာဏဖြင့် စစ်အင်အားကို အသုံးပြုရန်ဆိုလိုရင်းဖြစ်ကြောင်း ဂျပန်အစိုးရက ရှင်းပြသည်။

ဒေသအတွင်း၌ ပင်လယ်ရေကြောင်းပိုင်နက်အငြင်းပွားမှုများဖြစ်ပေါ်နေချိန်အတွင်း ဂျပန်အစိုးရအဖွဲ့၏ ကာကွယ်ရေးမူဝါဒ ပြင်ဆင်ပြောင်းလဲရေး ခြေလှမ်းသည် စစ်ဆန့်ကျင်ရေးဝါဒမှ နောက်ကြောင်းပြန်လှည့်ခြင်းလောဟု ဒွိဟပွားစရာပြောဆိုသံများပေါ်ထွက်လာသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် မေ ၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးနောက် နှစ်ပေါင်း ၇၀ ခန့်မျှ စစ်ဆန့်ကျင်သောနိုင်ငံအဖြစ် တစ်သဝေမတိမ်းရပ်တည်လာခဲ့သည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေးတပ်ဖွဲ့ကိုသာ ဖွဲ့စည်းခွင့်ရှိပြီး စစ်အင်အားတိုးချဲ့ခြင်းကို ပိတ်ပင်ထားသည်။ ဂျပန်နိုင်ငံသည် မိမိကစ၍ စစ်ကြေညာခွင့် မရှိသည့်အပြင် နိုင်ငံတကာပဋိပက္ခများတွင် စစ်အင်အားသုံးစွဲခွင့်လည်း မရှိပေ။

ကမ္ဘာစစ်တွင် စစ်ရှုံးနိုင်ငံဖြစ်ခဲ့သော နေဝန်းနီ ဂျပန်နိုင်ငံသည် စီးပွားရေးအင်အားကြီးထွားမှုနှင့်အတူ ကမ္ဘာပေါ်တွင် စစ်ရေးဘတ်ဂျက်အများဆုံးနိုင်ငံများတွင် ပါဝင်သည်။ သို့ရာတွင် ကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ စစ်ရေးလှုပ်ရှားမှုအရ ဗိုင်းကောင်းကျောက်ဖိ သိုသိုသိပ်သိပ်ရှိခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဇူလိုင် ၄ ရက်က တောင်ကိုရီးယားနိုင်ငံမြို့တော်ဆိုးလ်ရှိ အမျိုးသားတက္ကသိုလ်၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် အတိတ်သမိုင်းကြောင်းကို ပြန်လည်တူးဆွကာ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒအလှည့်အပြောင်းနှင့်ပတ်သက်၍ ဝေဖန်ပြောကြားခဲ့သည်။

၂၀ ရာစု၏ ပထမထက်ဝက်တာ ကာလအတွင်း ဂျပန်စစ်ဝါဒီများက တရုတ်နှင့်ကိုရီးယားကျွန်းဆွယ်ကို ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းမှာ ယင်းနှစ်နိုင်ငံအတွက် ခါးသီးဖွယ်ရာ သမိုင်းပုံရိပ်ဟောင်းများဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ကိုရီးယားကျွန်းဆွယ်ကို ကိုလိုနီအဖြစ် သွတ်သွင်းခဲ့ပြီး တရုတ်နိုင်ငံ၏ နယ်မြေထက်ဝက်ကို သိမ်းပိုက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများကို မိမိတို့ခါးစည်းခံခဲ့ကြရသည်ဟု တရုတ်နှင့် ကိုရီးယားတို့က ဝေဖန်ခဲ့ကြသည်။

အမျိုးသားရေးစိတ်ဓာတ် တဖွားဖွားထလာသော နေဝန်းနီဂျပန်နိုင်ငံက စစ်ကိုဆန့်ကျင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်(၉)ကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ကြိုးပမ်းနေခြင်းသည် ဒေသဆိုင်ရာ နိုင်ငံများအတွက် စိုးရိမ်စရာဖြစ်ရသည်ဟု တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့က မြွက်ဆိုခဲ့ကြသည်။

ဝန်ကြီးချုပ်အာဘေးက စုပေါင်းလုံခြုံရေးထီးရိပ်စနစ်အဖြစ် မဟာမိတ်နိုင်ငံများနှင့်လက်တွဲဆောင်ရွက် ခြင်းဖြင့် ဂျပန်နိုင်ငံပတ်သက်နေသော နိုင်ငံတကာပဋိပက္ခများတွင် စစ်အင်အားအသုံးပြုခွင့်ရရှိလာမည်ဖြစ်ရာ ဇာတ်သဘင်တွင် လေးပစ်သူက မိမိ၏ ဂုဏ်ရည်ကို ချီးကျူး၍ လေးတင်ဟန်ပစ်ဟန်ပြုဘိသကဲ့သို့ ဟန်ရေးပြလျက် တွေ့မြင်ရပေသည်တကား။ ။

အခြေခံပညာရေးဂုဏ်ရောင် မညှိုးနွမ်းစေဖို့

ခင်မောင်ဌေး(ပညာရေး)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးတည်ဆောက်ဖို့ အနှစ်နှစ်အလလက မျှော်မှန်းခဲ့ကြပါတယ်။ ဒါပေမယ့် မျှော်မှန်းသလောက် ခရီးမပေါက်နိုင်ခဲ့ကြပါဘူး။

ဒါကြောင့်လည်း နိုင်ငံတော်ရဲ့ ခေတ်ပြောင်းစနစ်ပြောင်းကာလမှာ ပညာရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲမှုတွေ၊ အစီအမံသစ်တွေနဲ့ ဖော်ဆောင်ဖို့၊ စစ်မှန်တဲ့ အမျိုးသားပညာရေးဥပဒေပေါ်ထွန်းလာဖို့ ဝိုင်းဝန်းကြိုးဆနေချိန် လည်းဖြစ်ပါတယ်။ ထူးခြားတဲ့ သိသာထင်ရှားမှုတွေကတော့ ပညာရေးအသုံးစရိတ်တိုးမြှင့်လာခြင်း၊ မူလတန်းနဲ့ အလယ်တန်းပညာရေးမှာ အခမဲ့ပညာသင်ယူခွင့်ပေးနိုင်ခြင်းတို့ပါပဲ။

ဘာပဲပြောပြော မိဘတွေမှာ ကျောင်းအပ်နှံစရိတ်၊ စာအုပ်ဖိုး၊ ခဲတံဖိုးက အစ သက်သာခွင့်ရလို့ အဆင်ပြေစွာ အပ်နှံနိုင်ကြတာတွေကိုလည်း ကြားသိနေရပါတယ်။ အထက်တန်းဆင့်မှာ ပေးရတဲ့ကျောင်းလခ၊ စာအုပ်ဖိုးကလည်း မပြောပလောက်ပါဘူး။ ခုချိန်မှာဆိုရင် ပုဂ္ဂလိကကျောင်းတွေလည်း ဖွင့်လာနိုင်ပါပြီ။ ဒါပေမယ့် ကျောင်းသားမိဘအများစုကတော့ အစိုးရကျောင်းကိုပဲ အားကိုးအားထားပြုနေရဆဲပါ။ ခုလိုကျောင်းဖွင့်ရာသီမျိုးမှာဆိုရင် မကြာခဏဆိုသလို ကြားနေရတဲ့အဖြစ်အပျက်တွေကလည်း မရိုးနိုင်အောင်ပါပဲ။

ပြုပြင်ပြောင်းလဲရေးလို့ တစာစာအော်နေပေမယ့် အမြင်မပြောင်း အသွင်မပြောင်းဘဲ ပိုနေမြဲကျားနေမြဲ အဖြစ်အပျက်တွေကလည်း ရှိနေဆဲပါ။ အဓိက အခြေခံပညာရေးကဏ္ဍကို စိန်ခေါ်နေတဲ့ ပုံရိပ်မည်းတွေကတော့-

၁။ ငွေကြေးကောက်ခံနေမှု

အခြေခံပညာကျောင်းတွေမှာ ငွေကြေးကုန်ကျစရိတ်ဆိုလို့ ဘာမှ မရှိပါဘူး။ ကောက်ခံခွင့်လည်း ပေးမထားပါဘူး။ ဒါပေမယ့် ဟိုကြေးဒီကြေးဆိုပြီး ကောက်ခံမှုတွေကလည်း ကြားနေရဆဲပါ။ သတင်းစာမျက်နှာတွေပေါ်မှာ ဖတ်နေရဆဲပါ။ အဲဒါဘာကြောင့် ဒီလိုတွေဖြစ်နေရတာလဲ။ ထုတ်ပြန်ထားတဲ့ အမိန့်ကို သိသိသာသာ ကျူးလွန်ခြင်းပါပဲ။ ဒီလိုကိစ္စတွေကို တရားဝင် တိုင်တန်းနိုင်ပါတယ်။ ဒါပေမယ့် အများစုက မတိုင်တန်းကြပါဘူး။ ရှင်းပါတယ်။ ကိုယ့်သားသမီး အဆင်ပြေရေး၊ ဝင်ခွင့်ရရေးအတွက်ပဲ အရေးကြီးကြလို့ပါ။

၂။ ကျောင်းအပ်နှံခြင်း

ရန်ကုန်မြို့မှာ နာမည်ကြီးကျောင်း ၁၉ ကျောင်းလောက်ရှိတယ်လို့ သိရပါတယ်။ အဲဒီကျောင်းတွေက ဝင်ခွင့်ရဖို့ ခက်ပါတယ်။ နယ်ကျော်ကျောင်းအပ်ဖို့ဆိုရင် ပိုပြီးခက်ခဲပါတယ်။ ဒါပေမယ့်လည်း ဝင်ခွင့်ရနေကြပါတယ်။ ဘယ်လိုနည်းနဲ့ ဝင်ခွင့်ရနေကြသလဲ။ ငွေကြေးအမြောက်အမြားအကုန်အကျခံနိုင်သူတွေ နည်းမျိုးစုံ သုံးနေကြတယ်။ ဒါကတော့ မိဘတွေရဲ့ အတ္တကြီးမှုပါ။ ကိုယ့်သားသမီးတော်တာမတော်တာအပထား၊ နာမည်ကြီးတဲ့ ကျောင်းတွေမှာ ထားရတာကို ဂုဏ်တစ်ခုအဖြစ် ယူဆနေကြတယ်။ ဒါကြောင့် အဆက်အသွယ်ရှာတယ်။ ငွေကြေးပုံပေးပြီး အပ်နေကြတယ်။ တချို့ကျောင်းတွေမှာ တိုင်ကြတောကြနဲ့ စစ်လားဆေးလားဖြစ်ကုန်ရတယ်။ အခြေခံပညာရေးရဲ့ဂုဏ်ကို ညှိုးနွမ်းစေတာပေါ့။

တကယ်တော့ တစ်ကျောင်းနဲ့တစ်ကျောင်း သိပ်ပြီးကွဲပြားလှတယ်တော့ မဟုတ်ပါဘူး။ ဒီသင်ရိုး၊ ဒီလိုအရည်အချင်းရှိတဲ့ ဆရာ ဆရာမတွေပဲ သင်တာပါ။ နာမည်ကြီးတဲ့ကျောင်းတွေကိုကြည့်ရင် အောင်ချက်ကောင်းတယ်။ ဂုဏ်ထူးများများထွက်တယ်။ ဘာကြောင့်အဲဒီလိုဖြစ်ရတာလဲ ရှင်းပါတယ်။ နာမည်ရှိတဲ့ ကျောင်းဆိုတော့ ငွေကုန်ကြေးကျခံပြီး အပ်နိုင်သူတွေ လာအပ်တယ်။ တော်ပေ့ဆိုတဲ့ ကျောင်းသား ကျောင်းသူတွေများများ ရတယ်။ မိဘက ပြင်ပကျူရှင်တွေ၊ ဝိုင်းတွေမှာ အပ့်အပိုးအများကြီး အကုန်ခံနိုင်တယ်။ ဆိုရရင် ဒီကျောင်းက အောင်တယ်ဆိုတဲ့ ဂုဏ်ကိုယူချင်ကြတာပါ။ တကယ်တမ်းအခန်းတွင်း စာသင်ကြားမှုက မကွာလှပါဘူး။ တချို့နာမည်ကြီး ကျောင်းဆိုရင် ထင်သလောက်တောင် စာသင်ကြားမှု မရှိဘူး။

စာရေးသူကိုယ်တိုင်ကြုံခဲ့တဲ့ အဖြစ်အပျက်ကလေးကို ကြည့်ပါ။ နာမည်ကြီးကျောင်းက တပည့်တစ်ဦး။ A ခန်းရပါတယ်။ တော်လည်းတော်တာကိုး။ တစ်ခန်းထဲမှာ ကျောင်းသား ကျောင်းသူ ၉၀ လောက်ထည့်ထားတယ်။ ဒါပေမယ့် ဒီကလေးက အိမ်မှာ တစ်ယောက်တည်း ဘာသာစုံပြန်သင်နေတယ်။ နှစ်စပိုင်းက ကျောင်းအမြဲသွားရတယ်။ နောက်ပိုင်းမှာ ပျက်လို့ရတယ်ပြောတယ်။ သင်ပုံကြားပုံ မေးကြည့်တော့ တပည့်မလေးပြောတာက ဘာသာစုံတောင် ဝင်သင်တာမရှိဘူး။ ဝင်လာရင်လည်း နင်တို့ကအိမ်မှာ စပယ်ရှယ်ဝိုင်းတွေ တက်နေတာ။ တော်ပြီးသားတွေ။ ငါသင်ဖို့တောင် မလိုဘူး။ ကိုယ်ကျက်စရာရှိကျက် မှတ်စရာရှိမှတ်တဲ့။ A ခန်းဆိုတော့ လူတော်တွေချည်းပဲ။ ကိုယ့်စာကိုယ်ကြည့်နေကြတဲ့သူတွေချည်းပဲတဲ့။ အခု အဲဒီကျောင်းသူကလေး ဆေးကျောင်းမှာ။

၃။ တန်းပိုင်နဲ့ ဘာသာရပ်သင်ဆရာများ

အထူးသဖြင့် တန်းပိုင်နဲ့ ဘာသာရပ်သင်ဆရာ ဆရာမတွေရဲ့ အခန်းကဏ္ဍမှာလည်း မပြောင်းလဲနိုင်သေးတာတွေရှိနေဆဲပဲ။ တကယ်တော့ ကျောင်းတွင်းစစ်ဆေးတဲ့ အတန်းတွေမှာပါ။ ပိုပြီးသဲသဲလှုပ်နေတာကတော့ မူလတန်းဆင့် မိဘတွေကလည်း ကဲကဲလှုပ်။ တန်းပိုင်ဆီတက်မှ အဆင့်ကောင်းတယ်။ အမှတ်ကောင်းတယ်။ အပြင်မှာသင်တဲ့ကလေးဆိုရင် အနှိမ်ခံရတယ်။ မျက်နှာမရဘူး။ ဆရာ ဆရာမကိုများများကန်တော့နိုင်မှ မျက်နှာပန်းလှတယ်။ ဦးစားပေးခံရတယ်။ ဒါတွေကလည်း ကြားနေကျ မရိုးနိုင်တဲ့ ပုံပြင်တွေလိုပါပဲ။ ဒါကလည်း အခြေခံပညာရေးရဲ့ ဂုဏ်သတင်းကို မှေးမှိန်စေတာပါ။

ဒါနဲ့ ပတ်သက်ပြီး ကျောင်းအုပ်ကြီးတွေအနေနဲ့ကလည်း ပုံစံအမျိုးမျိုးကိုင်တွယ်တတ်ကြပါတယ်။ ဥပမာ မေးခွန်းကို ကိုယ်တိုင်ထုတ်တယ်။ စစ်တော့ ဝိုင်းကြီးချုပ်။ တချို့ကုတ်စနစ်။ ဒါပေမယ့်လည်း ပုံစံအမျိုးမျိုး အသာစီးရယူနေကြတာတွေကလည်း တွေ့နေရတာပဲ။ အောက်မှာ ဖော်ပြတဲ့ သားအမိနှစ်ဦးရဲ့ စကားပြောခန်းကို ဖတ်ကြည့်ပါ။

သူငယ်တန်းကျောင်းသူ - မေမေ သမီးတို့အတန်းတင် စာမေးပွဲဖြေတုန်းကလေ။

မိခင် - ပြောပါဦးသမီး။

ကျောင်းသူ - သမီးရှေ့က ကျောင်းသူလေးကို ဆရာမက ခဏခဏ လာကြည့်တယ် အမေ။

မိခင် - ဒီတော့ဘာဖြစ်လဲ သမီး။

ကျောင်းသူ - ဆရာမက "ဒီဟာမှားနေတယ်။ ပြင်လိုက်ဦး" လို့ လာလာပြီး ပြောတယ်။

မိခင် - အေးလေ သူမှားနေလို့ နေမှာပေါ့ သမီးရဲ့။

ကျောင်းသူ - ဒါဖြင့် သမီးကျတော့ လာလည်းမကြည့်ဘူး။ မှားတယ်လို့လည်း ထောက်မပြဘူး မေမေ။

မိခင် - ဟင်

ကျောင်းသူ - အဲဒါကြောင့် မေမေ့ကို ပြောတာပေါ့ ကျူရှင်ထားပါလို့။

စကားပြောခန်းက ဤမျှသာ။ အတန်းပင်ငယ်၊ လူပင်ငယ်ပေမယ့် လူတို့ရဲ့ တရားမှု၊ မတရားမှုကို ကလေးတွေသိနေကြပါတယ်။ ငယ်၍အထင်မသေးသင့်။ မှန်ကန်တဲ့အပြုအမူမျိုးနဲ့ မိမိတို့ရဲ့ ဂုဏ်သတင်းကို မွှေးပျံ့စေသင့်တယ်။

ဒါကြောင့် ခုဖော်ပြခဲ့တဲ့ အချက်တွေမှာ တစ်ချက်မဟုတ်တစ်ချက်နဲ့ ငြိစွန်းပြီး အခြေခံပညာရေးကဏ္ဍရဲ့ ဂုဏ်သိက္ခာကို ထိပါးကျဆင်းနေစေတာပါ။ ဒါတွေဟာ အခြေခံပညာရေးကို စိန်ခေါ်နေတဲ့ ပုံရိပ်မည်းတွေပါပဲ။ ဒါတွေကို နည်းမှန်လမ်းမှန်နဲ့ စည်းရုံးသိမ်းသွင်းနိုင်မယ်ဆိုရင် ပညာရေးကဏ္ဍကြီး တစ်ခုလုံးရဲ့ အခြေခံဖြစ်တဲ့အပိုင်းမှာ အများပြည်သူရဲ့ ယုံကြည်ကိုးစားမှုကို ရလာနိုင်ကြောင်းပါ။ ။

ရေယာဉ်ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းအဖွဲ့မှ စစ်ဆေး

တနင်္သာရီ ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့မှ မြိတ်မြို့သို့ နေ့စဉ် အစုန်အဆန် မျက်နှာချင်းဆိုင်ပြေးဆွဲလျက်ရှိသည့် ဒို့တောရွာ၊ ကြံတိုင်းအောင် အမြန်ရေယာဉ်များနှင့် လိုက်ပါသွားလာကြသည့် ဒေသခံခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ရည်ရွယ်လျက် မြို့နယ်ရေယာဉ်ပို့ဆောင်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ချောင်းကြီး ချောင်းငယ်(၂)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ရေသယ်ယာဉ်ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီဝင်များပါဝင်သော စုပေါင်းအဖွဲ့မှ ဇူလိုင် ၄ ရက် နံနက် ၈ နာရီခန့်က အမြန်ရေယာဉ်အတွင်း အရေးပေါ်သက်ကယ်အင်္ကျီများရှိ မရှိ၊ ပဲ့နင်းနှင့် စက်ဆရာ တရားဝင်လက်မှတ် ရှိ မရှိ၊ အရေးပေါ်အသုံးပြုရန် မီးသတ်ဆေးဘူးများရှိ မရှိ၊ အမြန်ယာဉ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်မှု ရှိ မရှိစသည်တို့ကို ရှောင်တခင်ရှာဖွေစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိန်ဝင်း(ပြန်/ဆက်)

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မင်းလှ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရွာတော်ကျေးရွာအုပ်စု မန်းသံပုရာကန် ရေနံဓာတုဗေဒစက်ရုံ ဘောလုံးကွင်း၌ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ မန်းသံပုရာကန် ရေနံဓာတုဗေဒစက်ရုံမှူး ဦးဖေသက်ညွှန့်၊ မြို့နယ်ရဲမှူးအောင်ဇော်၊ သစ်တောဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ စက်ရုံမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ ခန့်က ရတနာတန်းဝင်ကျွန်းပင် ၁၀၀၊ ရင်းမာပင် ၃၀၀၊ ရေတမာပင် ၁၅၀၊ လျှော်ဖြူပင် ၂၅၀၊ ယူကလစ်ပင် ၂၅၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကိုသက်(ပြန်/ဆက်)

ကြံခင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကြံခင်း ဇူလိုင် ၆

၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ဟင်္သာတခရိုင် ကြံခင်းမြို့နယ် သစ်ဆိမ့်ကိုင်းအုပ်စု ကွန်ချောင်းရေလှောင်တမံဧရိယာအတွင်းရှိ အကွက်အမှတ်(၅၂)၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်း ဦးစီးအရာရှိ ဦးမျိုးဇော်ဇော်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအတွင်းရေးမှူး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေး အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ကျွန်းပင်ပေါင်း ၂၀၅ ပင်အား တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မသူ(ပြန်ဆက်)

ဥတုရာသီ တောကိုမှီ၏

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာများ မှာကြား

ရန်ကုန် ဇူလိုင် ၆

အစိုးရဌာနများ၊ ဝန်ထမ်းများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ရန် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးအခြေစိုက်အလုပ်ရုံ အမှတ်(၁)၌ ပြုလုပ်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မိမိလုပ်ငန်းအပေါ် အရည်အသွေး၊ ကုန်ကျစရိတ်၊ ရေရှည်ခိုင်ခံ့မှု၊ ရိုးဖြောင့်မှု၊ ရှင်းလင်းလွယ်ကူမှု စသည့် ကောင်းကျိုးများ ဖြစ်ပေါ်စေရန် ကိုယ်တိုင်တာဝန်ယူတတ်သည့် အလေ့အထ ဝန်ထမ်းတစ်ဦးချင်း ပြောင်းလဲလာမှသာ ပြည်သူလူထုမျှော်လင့်တောင့်တနေသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ကောင်းသောအနာဂတ်အတွက် မိမိတို့ဝန်ထမ်းများသည် ဖန်တီးရှင်များ၊ ပဲ့ကိုင်များဖြစ်၍ မည်သူ၊ မည်သည့်ဝါဒ၊ မည်သည့်အတွေးအခေါ်ဖြင့် ခေါင်းဆောင်လုပ်သည်ဖြစ်စေ၊ ဝန်ထမ်းထု၏ ပြုပြင်ပြောင်းလဲမှုကသာ အခရာဖြစ်ပါကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ယာဉ်မောင်းသင်တန်းပို့ချနေမှု၊ ဒဂုံတက္ကသိုလ်နှင့် ဆူးလေပြေးဆွဲမည့်ကားများနှင့် ယာဉ်မောင်းလိုင်စင်ရုံးခွဲ အဆောက်အအုံပြင်ဆင်နေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇူလိုင် ၆

(၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပ၍ ကျောက်စိမ်းအတွဲ အမှတ်(၇၃၈၁)မှ (၇၄၅၄)ထိ စုစုပေါင်း ကျောက်စိမ်းအတွဲ ၇၄ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့ပြပွဲသည် နောက်ဆုံးနေ့ဖြစ်၍ မဏိရတနာကျောက်စိမ်းခန်းမ၌ ကြမ်းခင်းဈေးသတ်မှတ်ပြီး ရောင်းချရန် ကြေညာထားသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိသည့် ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည့်အပြင် ခန်းမအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ကျောက်စိမ်း ကျောက်မျက် အချောထည်ဆိုင်များနှင့် လက်ဝတ်ရတနာဆိုင်များ၌လည်း ဝယ်ယူအားပေးနေကြသည့် ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်း၊ ကျောက်မျက် အစရှိသည့် မြန်မာ့တွင်းထွက်ရတနာများကို ရေရှည်ထုတ်လုပ်နိုင်ရေးနှင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ရေးတို့အတွက် အရိုင်းတုံးများအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့်အချောထည်များ တိုးချဲ့ထုတ်လုပ်ရောင်းချရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က နေပြည်တော်၌ ရွှေကြာပင် ကျောက်မျက်အချောထည်ဈေးဖွင့်လှစ်၍ ကျောက်စိမ်း၊ ကျောက်မျက် အစရှိသည့် မြန်မာ့တွင်းထွက်ရတနာများကို တန်ဖိုးမြှင့်အချောထည်များအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကံကုန်းကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ပြီးစီး

ပုသိမ် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရယက(၉) အပိုင် နယ်မြေခွဲသုံး လယ်တီကျေးရွာနှင့် ကံကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ဥမင်တံတားမှာ ပြိုကျပျက်စီးနေပြီဖြစ်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၄ ရက်က စတင်ပန္နက်ရိုက်ကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ရေလမ်းအကျယ် ပေ ၃၀၊ တံတားအမြင့်၊ အုတ်ခုံခံ၊ သံကူကွန်ကရစ်ရက်မကြမ်းခင်း အလျား ၃၆ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေရှိပြီး ကုန်ကျငွေစုစုပေါင်း သိန်း ၃၀၀ ခန့်ရှိပါတယ်၊ ဒီတံတားကို စပြုပြင်တာကတော့ တံတားက အရမ်းကျဉ်းပြီး ပျက်စီးယိုယွင်းနေတာက တစ်ကြောင်း၊ ငွေဆောင်၊ ချောင်းသာ၊ ကွန်ပျူတာတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်နှင့် ပုသိမ်တံတားကိုဖြတ်၍ ပုသိမ်တစ်ဖက်ကမ်းသို့ သွားလာရာတွင်လည်း အဓိကလမ်းမကြီးဖြစ်တဲ့အတွက် ငွေဆောင်လမ်းမကြီးမှသွားရင် ၃ မိုင် ၈ ဖာလုံဖြင့် အချိန်ကြာမြင့်စွာ သွားရတဲ့အတွက် ကုန်ကျမှုလည်းများတယ်။ ခုဒီတံတားကို ဖောက်လုပ်တဲ့အတွက် အချိန်လည်း သက်သာစေတယ်။ ဒီဖြတ်လမ်းကသွားရင် တစ်မိုင်လောက်ပဲ သွားရမှာဖြစ်တဲ့အတွက် သွားရေးလာရေးလည်း လွယ်ကူအဆင်ပြေစေပါတယ်။ ဒါ့အပြင် အရင် အကျယ်ခြောက်ပေပဲရှိတဲ့ ကုလားကုန်းလှည်းလမ်းကိုလည်း ငါးပေ ထပ်တိုးချဲ့ပြီး လမ်းညီရေနုတ်မြောင်း၊ ဝဲယာရေနုတ်မြောင်းနဲ့ ပေ ၅၄၀၀ အထိ ကျောက်ချောခင်းဖို့ အစီအစဉ် ရှိပါတယ်" ဟု တံတားကြီးအား တာဝန်ယူတည်ဆောက်နေသော လယ်တီကျောင်းထိုင်ဆရာတော် ဦးသုနန္ဒနှင့် ဦးသဒ္ဓမ္မစာရတို့က ပြောပြသည်။ မတည်အလှူရှင် မရှိသည့်အတွက် ကိုယ်ထူကိုယ်ထ လုပ်နေရပါကြောင်း၊ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(အေးအေးမြင့်)

အသည်းရောဂါအကြောင်း ဆွေးနွေးဟောပြော

နေပြည်တော် ဇူလိုင် ၆

၂၀၁၄ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ် အသည်းရောင် ရောဂါအကြောင်းနှင့် နာတာရှည်အသည်းရောင်ရောဂါ နောက်ဆုံးပေါ် ကုသမှုနည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး အစည်းအဝေး ခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် အသည်းရောဂါအထူးကုသမားတော်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းက အသည်းရောဂါ စတင်ဖြစ်ပွားရသည့်အခြေအနေများ၊ အသည်းရောဂါအဆင့်ဆင့်ကာကွယ်ကုသပေးနိုင်မှု အခြေအနေများ၊ ပြည်သူအများ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ယနေ့ ဆေးပညာဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေအရ နောက်ဆုံးပေါ် ကုသပေးနိုင်မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား နာတာရှည် အသည်းရောင်ရောဂါ နောက်ဆုံးပေါ် ကုသမှုနည်းပညာ ဆွေးနွေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ အသည်းရောဂါအထူးကုသမားတော်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းက အသည်းရောဂါဆိုင်ရာ ရောဂါအဆင့်ဆင့်၊ ကုသမှုအဆင့်ဆင့်နှင့် ခုတ်ခွဲစမ်းသပ်မှုအဆင့်ဆင့်တို့တွင် တွေ့ရှိရသည့် နိုင်ငံတကာ စမ်းသပ်မှုအဖြေများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်ခြင်း

ရန်ကုန် ဇူလိုင် ၆

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

ရေးသားယှဉ်ပြိုင်နိုင်

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။ စာမူကို A4 စာမျက်နှာဖြင့် ကွန်ပျူတာလေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက် မပိုဘဲ ရေးဖွဲ့နိုင်ပါသည်။

စည်းကမ်းချက်

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပါရှိရပါမည်။ ဝတ္ထုတို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ၁၀၀၀၀၀ ကျပ်၊ ဒုတိယဆု ၇၅၀၀၀ ကျပ်၊ တတိယဆု ၅၀၀၀၀ ကျပ်၊ အထူးဆု ၃၀၀၀၀ ကျပ်စီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်သည်။

စာမူများပေးပို့နိုင်

ပြိုင်ပွဲဝင် ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ သို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

❖ အထက်မြန်မာပြည်မှ

ခရီးသွားစီမံခန့်ခွဲမှုပညာဘာသာရပ်၌ Major တွင် Tourism Management, Food & Beverage Service, Hotel Industry နှင့် Transportation တို့ပါဝင်ပြီး Minar တွင် English, Anthropology, Archelogy, History, ASEAN Countries, Myanmar Arts နှင့် Geography တို့ပါဝင်ကာ ပညာသင်နှစ်အဖြစ် လေးနှစ်သတ်မှတ်ထားရာ ပညာသင်နှစ်ပြီးဆုံးလျှင် B.A (Tourism) ဘွဲ့ ပေးအပ်မည်ဖြစ်သည်။

ခရီးသွားစီမံခန့်ခွဲမှုပညာဘာသာရပ်ကို သင်ကြားပေးလျက်ရှိသော အထက်မြန်မာပြည် (မန္တလေး)၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၅၈ ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၇၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ပညာသင်နှစ်ပြီးဆုံး၍ B.A (Tourism) ဘွဲ့ရပြီးပါက Tourism Industry, Tour Company, Tour Guide, Food & Beverage Service, Management, Consultant, Hotel Industry နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန စသည့် မိမိနှစ်သက်ရာ အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အဝန်းပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းမှာ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

❍ **ကျောင်းသားဗဟိုပြုမှ**

စစ်ဆေးအကဲဖြတ်မှုစနစ် တိုးမြှင့်ကျင့်သုံးရန်ဖြစ်သည့်အချက် ပါဝင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ကောင်းမွန်အားသာသည့် အချက်များကို ပြုပြင်ပြောင်းလဲစရာ မလိုသော်လည်း အလွတ်ကျက်မှတ်ခြင်း အလေ့အထမှ စဉ်းစားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ရှိလာအောင် ကျောင်းသားဗဟိုပြုသင်ကြားသင်ယူမှု (Child Centred Approach) နှင့်စစ်ဆေးအကဲဖြတ်မှုစနစ်ကိုသိသာစွာ တိုးတက်စေရန်အတွက် ဆောင်ရွက်သင့်သည့် အစီအမံများကို နှီးနှောဖလှယ်ပွဲက ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ပါကြောင်း၊ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆွေးနွေးပွဲရလဒ် အကြံပြုချက်များနှင့်အညီ အခြေခံပညာ ဆရာ ဆရာမများအပိုင်းတွင် သွားလာနေထိုင်ရေးအဆင်ပြေစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ခန့်အပ်ရေး၊ ပြောင်းရွှေ့ရေးမူဝါဒများနှင့် ရာထူးတိုးမြှင့်ရေးတွင် (Performance Based/ Result Based) စနစ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့် မြို့ရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ ပူးပေါင်းပြီး ပညာရေးကဏ္ဍမြှင့်တင်ရေး ပူးပေါင်းလုပ်ဆောင်သည့် အစီအမံများ၊ ဆရာ ဆရာမလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် ဆရာအတတ်သင်ကောလိပ်များကို မွမ်းမံပြီး ဆရာ အတတ်ပညာကျွမ်းကျင်မှု (Teacher Competency) ကောင်းအောင် ဆောင်ရွက်သင့်သည့် အစီအမံများ၊ မူဝါဒနှင့် အခြေခံပညာဥပဒေ၊ ကိုယ်ပိုင်ကျောင်းဥပဒေ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့ကို နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးအကြံပြုဖို့ တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ် ငါးရပ်ဖြင့် အကောင်အထည်ဖော်မည့်အစီအမံများကို ဆွေးနွေးပြောကြရန်၊ တာဝန်သိမှုတာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းတို့ဖြင့် ပညာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရေးနှင့် အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူတို့၏ ဆန္ဒအမြင်ရယူခြင်းနှင့် တာဝန်ခံမှု တာဝန်ယူမှုရှိရေး၊ စွမ်းဆောင်ရည်ထိရောက်မှုရှိရေး၊ [illegible] ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ [illegible] ဘက်လိုက်မှုကင်းရေးတို့ကို အလေးထားဆွေးနွေးကြရန် ပြောကြားသည်။

ယနေ့ ကျင်းပသည့် (အခြေခံပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲသို့ ပညာရေးနယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၄၀၀ တက်ရောက်ကြပြီး ဇူလိုင် ၇ ရက်ထိ စာတမ်းများဖတ်ကြားခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဆွေးနွေးရရှိချက်များအား တင်ပြခြင်းနှင့် အတည်ပြုခြင်း စသည့်အစီအစဉ်များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှ**

အဲဒီပညာရေးစနစ်က မရောက်ဘူး ဖြစ်နေတယ်။ အဲဒီစနစ် မရောက်သရွေ့ အပြည်ပြည်ဆိုင်ရာ အဆင့်မမီဘူး။လောလောဆယ် အဲဒီဟာကို ဒီပြုပြင်ပြောင်းလဲရေးတတိယအဆင့် အနေနဲ့ ပြောင်းလဲဖို့ လုပ်ရတယ်။

နံပါတ်(၁) အချက်ကတော့ သင်ကြားနည်းစနစ်ကို ထိထိရောက်ရောက်နဲ့ သင်ကြားနိုင်တဲ့ စနစ်ဖြစ်ဖို့၊ (၂)က အဲဒီသင်တန်းကနေ ပို့ချလိုက်တဲ့ သင်တန်းဆင်းတွေဟာ မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းပေါင်း ၄၃၀၀၀ လောက်ရှိတဲ့ အဲဒီကျောင်းတွေမှာ ဆရာအင်အား ဖြည့်တင်းဖို့ ဒါတွေကအရေးကြီးတယ်။ အဲဒါတွေကို တွက်ချက်ပြီးမှ မဖွင့်ဘဲနဲ့ ပုံသေကားချပ်ဖွင့်နေမယ်ဆိုရင် ဒီစနစ်က ကျောင်းသားတွေက များလာမယ်။ကျောင်းတွေကများလာမယ်။ဆရာအင်အား မတိုးတက်ဘူးဆိုရင် အဲဒီမှာ ကွာဟချက်တွေ ဖြစ်သွားမယ်။ ဒါကြောင့်မို့ နောက်ထပ်ခန့်စရာ [illegible] ပင်စင်ယူ [illegible] ဖို့ ပြန် [illegible] နေပြီ။ [illegible] လက် [illegible] ပေးတာနဲ့ [illegible] ကိုကခိုင်း [illegible] ပြီးတော့ [illegible]၊ ဥပမာ [illegible] သားရဲ့ [illegible] ချက်တွေ [illegible] ပြောင်းလဲ [illegible] အားလုံးကို ပြန်လည်ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် လက်အောက်ကို စီမံခန့်ခွဲခွင့်ပေးရမယ်။ လောလောဆယ် အခု တစ်နိုင်ငံလုံး ကျောင်းပေါင်း လေး သောင်းကျော် အားလုံးကို ဘတ်ဂျက် နဲ့ပတ်သက်တဲ့ ငွေကြေး သုံးစွဲမှုနဲ့ ပတ်သက်တဲ့ နည်းပညာတွေ ပေးပြီးပြီ။ ဒါပေမယ့် စီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ နည်းစနစ်တွေ ပေးဖို့လိုတယ်။

ဒီစီမံခန့်ခွဲမှုပညာတွေအတွက် သင်တန်းဖွင့်ပေးရမယ်။ ဆွေးနွေးပွဲ ပြောလိုက်၊ စာတမ်းလေးဖတ်လိုက်နဲ့ ရယ်၊ ဆရာ ဆရာမတွေရယ် ပညာပေး ပို့ချရမယ်။ ကြပ်မတ်ကွပ်ကဲရမယ်။ ဒါဆိုကလေးတွေ လမ်းကြောင်းတည့်သွားရင် ကိုယ့်ဟာကိုယ် ဗဟုသုတ ပညာရှာချင်တဲ့စိတ်လေးတွေ ပေါ်လာမယ်။ အခု ဘာအားနည်းနေလဲဆိုတော့ ကျောင်းအုပ် ဆရာ ဆရာမကြီးတွေက ကွပ်ကဲအုပ်ချုပ် စီမံခန့်ခွဲတာနည်းနည်း ဆောင်ရွက်မှုဖြစ်ခဲ့တာအတွက်ကြောင့် အခုလို အရှိန်အဟုန်မြှင့် ဆောင်ရွက်တာနဲ့ပတ်သက်ပြီး မိဘပြည်သူတွေရော ပညာရေး စေတနာရှင် အလှူရှင်တွေရော အကုန်လုံးက တစ်နိုင်ငံလုံး ဝိုင်းဝန်းပူးပေါင်းပြီးတော့မှ ဒါပါဝင်ဆောင်ရွက်သင့်တယ်ဆိုတာလေးကိုတော့ မိဘပြည်သူတွေကို အသိပေးလိုပါတယ်။

ဦးညွန့်ရွှေ
(ညွှန်ကြားရေးမှူး-စီမံ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန)

ဦးညဏ်ထွန်းဦး
(ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး)

ဦးကိုကိုတင် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)

ပြုပြင်လို့မရဘူး၊ လူကိုပြုပြင်တဲ့ သင်တန်းဖွင့်ကို ဖွင့်ရမယ်။ ဥပမာ အားဖြင့် ကျောင်းအုပ် လုပ်မယ်ဆိုရင် ကျောင်းအုပ်မဖြစ်ခင် သင်တန်းပို့ကို ပို့ချရမယ်။ အဲဒီကမှ မတက်ဘဲနဲ့ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး လုပ်ခွင့်မပေးဘူးဆိုရင် မြန်မာနိုင်ငံရဲ့ပညာရေးပြုပြင်ပြောင်းလဲမှုဟာ တိုးတက်ပြောင်းလဲသွားနိုင်တယ်။

အခုပြုပြင်ပြောင်းလဲချင်တာက Performance Base နဲ့ Result Base အဲဒီစနစ်ရဖို့ သင်တန်းဖွင့်ကိုဖွင့်ရမယ်။ သင်တန်းဖွင့်ပြီးတော့ Quanlity မရှိတဲ့လူကို ခန့်ကိုမခန့်ရဘူး။ ဒါကြောင့် Capacity Building ရှိတဲ့ Training Center ရှိကိုရှိရမယ်။ အဲဒီသင်တန်းတွေကို မဖြစ်မနေ ဖွင့်မယ်လို့ပြောတယ်။

ဦးညဏ်ထွန်းဦး (ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး)

ပညာရေးကဏ္ဍမှာ အရေးကြီးဆုံးက အင်္ဂလိပ်နဲ့ IT ပဲ။ ပညာရေးဝန်ကြီးဌာနကလည်း အင်္ဂလိပ်စာကို တော်တော်လေးစောင်းပေးပြီး ကြိုးစားလုပ်နေတယ်။ သို့သော်လည်း IT ကို မေ့နေတယ်။ IT classes တွေကို သင်စေချင်တယ်။ တချို့က ပြောမယ်၊ IT ခေတ်ရောက်သွားလို့ရှိရင် Internet, Facebook တွေ တတ်မယ့်ကလေးတွေက ဘာဖြစ်မယ်၊ ညာဖြစ်မယ် ပြောကြတယ်။

ဒါကတော့ မိဘနဲ့ကျောင်းဆရာ ဆရာမတွေထိန်းရမယ်။ ကလေးကလည်း ကိုယ့်ပညာကိုယ်ထိန်းရမယ်။ ကိုယ့်အတွက်ပညာရမယ့်ဟာကြည့်ပြီး ပညာမရမယ့်ဟာ မကြည့်နဲ့ပေါ့။ မိဘရယ်၊ ဆရာ ဆရာမတွေရယ် [illegible]

လေး အားနည်းကြတာပေါ့။ ဒါလေးတွေကို ကောင်းအောင် ဘာလုပ်ရမလဲဆိုရင် ကျောင်းအုပ်တွေထားပြီးတော့ ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်တွေကို နိုင်ငံတော်က သင်တန်းပို့ချရမယ်။

ဦးကိုကိုတင် (ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)

နိုင်ငံတော်အနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ပညာရေးကဏ္ဍဟာ အဓိကအကျဆုံးဖြစ်ပြီးတော့မှ လက်တွေ့ကျတဲ့ ပြုပြင်ပြောင်းလဲမှုကို မဖြစ်မနေ အကုန်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမယ်လို့ မျှော်လင့်ပါတယ်။

အဓိကအားဖြင့်တော့ ကျောင်းသား ကျောင်းသူရယ်၊ ဆရာရယ်၊ မိဘရယ် ဝိုင်းဝန်းပံ့ပိုးပေးမယ့် စေတနာရှင် အလှူရှင်တွေ၊ အကျိုးဆောင်အဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေလည်းပဲ အမြန်ဆုံးနဲ့ အတတ်နိုင်ဆုံး နီးနီးကပ်ကပ်အပြန်အလှန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍဟာ သိသိသာသာကြီးကို အရှိန်အဟုန်နဲ့ တိုးတက်မြင့်မားလာမယ်လို့ ပြောကြားလိုပါတယ်။

ယာဉ်စည်းကမ်းချိုးဖောက်မှုတိုင်ကြားရန် အွန်လိုင်းမှစီစဉ်ပေးထားသော်လည်း ပြည်သူများ၏ပူးပေါင်းပါဝင်မှု နည်းနေသေး

ရန်ကုန် ဇူလိုင် ၆

ယာဉ်စည်းကမ်း ချိုးဖောက်မှုဖြစ်စဉ်များကို အင်တာနက်လူမှုကွန်ရက်စာမျက်နှာ facebook တွင် Page တစ်ခုအဖြစ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စီစဉ်ပေးထားသော်လည်း ပြည်သူအများ၏ ပူးပေါင်းပါဝင်တိုင်ကြားလုပ်ဆောင်မှုအားနည်းနေသေးသည်ဟု ယူဆရကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

"Like လုပ်ကြတာတွေလည်းများတယ်၊ ပေးပို့မှုနည်းနေသေးတယ်၊ ဝင်ကြည့်တဲ့သူကများတယ်၊ ပြန်ပေးဆပ်တာ မတွေ့ရဘူး"ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ထို့ကြောင့် ရဲလုပ်ငန်းများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးခြင်းကြောင့် ပြည်သူအများက ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း ၎င်းက တိုက်တွန်းပြောကြားသည်။ အင်တာနက်လူမှုကွန်ရက်စာမျက်နှာ facebook ပေါ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏ တရားဝင်စာမျက်နှာအဖြစ် Yangon Traffic Police အမည်ဖြင့် Page ဖွင့်ထားပြီး ယာဉ်စည်းကမ်းနှင့် ပတ်သက်သော အမှုအခင်းများကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထိုအွန်လိုင်းစနစ်မှ သတင်းပေးတိုင်ကြားမှုများတွင်လည်း ပေးပို့သူမှာ မည်သူမည်ဝါဖြစ်သည်ကို ကာကွယ်ပေးထားမည်ဖြစ်ပြီး ယာဉ်စည်းကမ်းချိုးဖောက်သော ယာဉ်၏ ဓာတ်ပုံကိုပေးပို့ရာတွင် ယာဉ်အမှတ်၊ ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို တိကျစွာထည့်သွင်းပေးရမည်ဖြစ်ပြီး တိုင်ကြားလာမှုအပေါ် စိစစ်၍ အရေးယူသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ဆီက ခရီးသည်တင်ကားကြီး ကျော်တက်မောင်းရင်း တိုက်မိတာကို မီဒီယာတွေနဲ့ အလှမ်းဝေးတဲ့ မြောက်ဒဂုံလိုနေရာမှာဖြစ်တဲ့ ကိစ္စအပေါ် တာဝန်သိပြည်သူ တစ်ဦးရဲ့ အင်တာနက်စာမျက်နှာမှာ ဖော်ပြမှုကြောင့် ထိထိရောက်ရောက် အရေးယူပေးနိုင်ခဲ့တယ်၊ ဒါကလည်း တိုးတက်လာတဲ့ ခေတ်စနစ်အခြေအနေရဲ့ အကျိုးရလဒ်ပဲ"ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌက ယာဉ်စည်းကမ်းပညာပေးဟောပြောပွဲတစ်ခုတွင် ယင်းကဲ့သို့ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုကဲ့သို့ အွန်လိုင်းမှပေးပို့လာသော ဓာတ်ပုံနှင့် သတင်းအချက်အလက်များကို download ရယူကာ စိစစ်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ မှုသေးစစ်ဌာနသို့ ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

နမ့်ခမ်းမြို့နယ်၌ နွေစပါး(ပုလဲသွယ်) စံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

လားရှိုး ဇူလိုင် ၆

နမ့်ခမ်းမြို့နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဧက ၄၉၅၀ စိုက်ပျိုးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါး ၁၄၄ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မြို့မအမှတ် (၁၁)ရပ်ကွက်တွင် တောင်သူပညာပေး နွေစပါးစံပြကွက် ဧက ၅၀ စိုက်ပျိုးခဲ့ပြီး ကွင်းအမှတ် (၆၇) ဦးပိုင်(၈) တောင်သူဦးပန်းကျော်၏ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့သော ပုလဲသွယ်စိုက်ခင်း လေးဧကတွင် ဇူလိုင် ၄ ရက် နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကိုဆောင်ရွက်ခဲ့ရာ စံကွက်ရိတ်သိမ်းမှုအရ ပုလဲသွယ်စပ်မျိုးစပါး တစ်ဧက အစိုတင်း ၂၉၀ ဒသမ ၁၄ တင်း၊ အခြောက်တင်း ၂၄၆ ဒသမ ၆၂ တင်းထွက်ရှိခဲ့သည်။

အဆိုပါ ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က အဆိုပါ တောင်သူအား ဓာတ်မြေဩဇာများ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

✪ **၂၀၁၂ ချန်ပီယံမှ**

တစ်ဂိုးဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၇၈ မိနစ်တွင် ရရှိသော ပင်နယ်တီကို တိုက်စစ်မှူး ဆာဆာလွဲချော်ခဲ့သော်လည်း မိနစ် ၉၀ တွင် အသင်းခေါင်းဆောင် မင်းမင်းသူက ခေါင်းတိုက်သွင်းယူခဲ့သည်။

ဇေယျာရွှေမြေအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း တိုက်စစ်ကစားပုံ အားနည်းခဲ့၍ ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့သည်။ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်များဆိုးရွားနေသည့် ဇေယျာရွှေမြေအသင်းကို ထပ်မံထိုးနှက်ခဲ့သည့် ရှုံးပွဲဖြစ်ခဲ့သည်။

(ပဒုမ္မာကွင်း)
ဟံသာဝတီ - တစ်ဂိုး
(ချီကာ)
Horizon - ဂိုးမရှိ

အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် ချင်း-မနောမြေပွဲစဉ်ကို ရခိုင်အသင်း ရန်ပုံငွေပွဲကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။

ယနေ့ပွဲ
(ပဒုမ္မာကွင်း)
Southern - ရတနာပုံ
(စလင်းကွင်း)
ချင်းယူနိုက်တက် - မနောမြေ

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

ပြည်ကြီးမဏ္ဍိုင် ခိုင်မာဖို့
အခွန်တာဝန် ကျေပွန်စို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေးပြီး သဘောထားကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၆

မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဇူလိုင် ၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် စကိုင်းစကားဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရာဇဝတ်မှုခင်းကြောင့် ဖြစ်ပေါ်လာသောပဋိပက္ခများကို ရာဇဝတ်ကြောင်းအရသာ ဖြေရှင်းဆောင်ရွက်ရန်နှင့် ပဋိပက္ခဖြစ်လျှင်ဖြစ်ချင်း လုံလောက်သော လုံခြုံရေးအင်အားဖြင့် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်ပေးရန်၊ ပြစ်မှုကျူးလွန်သူများအား ကျောသားရင်သား မခွဲခြားဘဲ ထိထိရောက်ရောက် အရေးယူရန်၊ သတင်းမီဒီယာများက ပဋိပက္ခသတင်းများ ရေးသားဖော်ပြရာတွင် ကောလာဟလသတင်းများ ထုတ်ပြန်ခြင်း မပြုကြရန်၊ အမုန်းစကားများကို ရှောင်ကြဉ်ကြရန်၊ ဖြစ်ရပ်မှန်မှ လွဲ၍ ကိုယ်ပိုင်ယူဆထင်မြင်ချက်များ မရေးသားကြရန်နှင့် ငြိမ်းချမ်းရေးသတင်းစာပညာကို အကျိုးရှိရှိ အသုံးချပေးကြပါရန်၊ နိုင်ငံအတွင်း အတူတကွ နေထိုင်ကြသူများအနေဖြင့် ဘာသာရေးနှင့်ယုံကြည်မှု ကွဲပြားခြားနားကြရုံမျှဖြင့် မတူညီကြသူများဟု မှတ်ယူခြင်းမပြုကြဘဲ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများပမာ သဘောထား ဆက်ဆံပေးကြပါရန် စသည်ဖြင့် အချက်ရှစ်ချက်ပါသော သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။

အလားတူ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကလည်း ယနေ့ မွန်းလွဲ ၂ နာရီတွင် Oriental House ၌ ကျင်းပခဲ့ပြီး **(အပေါ်ပုံ)** ပူးတွဲသဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ သဘောထားကြေညာချက်၌ မန္တလေးမြို့တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့်ပဋိပက္ခကို မကြီးထွားစေရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းစေရေးအတွက် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြသည့်အတွက် မန္တလေးမြို့တွင် တည်ငြိမ်အေးချမ်းမှု မြန်မြန်ဆန်ဆန် ရရှိလာခြင်းကြောင့် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က အထူးကျေးဇူးတင်ကြောင်း၊ မန္တလေးမြို့တွင် အေးချမ်းသာယာမှုများ ရရှိစေရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင် ခရစ်ယာန်အသင်းအဖွဲ့များက ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ပေးကြခြင်းကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကျေးဇူးတင်ကြောင်း၊ ပဋိပက္ခတွင် ပါဝင်ပတ်သက်၍ ဥပဒေကျူးလွန်ခဲ့ကြသူများနှင့် ပဋိပက္ခကို နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်ကြသူများအား လျင်မြန်စွာ ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ပြတ်သားစွာ အရေးယူပေးပါရန် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်း၊ ရာဇဝတ်မှုကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကို လုံခြုံရေးအပြည့်အဝဖြင့် ထိရောက်လျင်မြန်စွာ စီမံဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းစသည်ဖြင့် အချက်ရှစ်ချက်ပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသည်းကောင်းသူတို့ရဲ့ လက်ဝှေ့စိန်ခေါ်ပွဲ

ရန်ကုန် ဇူလိုင် ၆

သတင်း-အောင်ကျော်ဦး ❖ ဓာတ်ပုံ-ခင်မောင်ဝင်း

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အစည်းအရုံးက ပထမဆုံးအကြိမ် စီစဉ်ကျင်းပသည့် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ထိုင်းနိုင်ငံမှ မွေထိုင်းလက်ဝှေ့ကျော်များနှင့် မြန်မာ့ရိုးရာ ပထမတန်းလက်ဝှေ့ကျော်များ ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ယနေ့ စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲစဉ် ၁၀ ပွဲတွင် မြန်မာနိုင်ငံသို့ တစ်ကြိမ်တစ်ခါမျှ လာရောက်ထိုးသတ်ဖူးခြင်းမရှိသေးသည့် ထိုင်းလက်ဝှေ့ကျော်များ ပါဝင်လာခြင်းက လက်ဝှေ့ပရိသတ်များ၏ စိတ်အာရုံကို ပို၍ တက်ကြွနေစေသည်။

မကြာပါချေ။ သုံးမိနစ်ထိုးနှစ်မိနစ်နား၊ ငါးချီစိန်ခေါ်ပွဲများအနက် ပထမပွဲစဉ်အဖြစ် စောဒါးပို့(ရွှေဖူး)နှင့် ဝက်ချ်နာ(ထိုင်း)တို့ တွေ့ကြလေပြီ။ ပထမအချီစစချင်းပင် စောဒါးပို့(ရွှေဖူး) ထောက်လက်သီးများက ဝက်ချ်နာ(ထိုင်း) မျက်နှာသို့ ပစ်သွင်းနေသော်လည်း ဝက်ချ်နာ၏ မထင်မှတ်သော ခြေကန်ချက်ကြောင့် စောဒါးပို့မေးရိုးထိပြီး ပြန်မထနိုင်သဖြင့် ပထမအချီမှာပင် ဝက်ချ်နာ အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ် ရဲမြတ်အောင် (အဖြူရောင်သွေးသစ်) နှင့် ဂွန်ချန်ပဲ(ထိုင်း)တို့ပွဲစဉ် ပထမအချီနှင့် ဒုတိယအချီတွင် ရဲမြတ်အောင်၏ ထောက်လက်သီးနှင့် ခြေကန်ချက်များကြောင့် ဂွန်ချန်ပဲ လဲကျမလို အကြိမ်ကြိမ်ဖြစ်နေသည်။ တတိယအချီနှင့် စတုတ္ထအချီတွင် ဂွန်ချန်ပဲ တံတောင်အသုံးများလာသဖြင့် ရဲမြတ်အောင် မွန်နေသည်။ ပဉ္စမအချီတွင် ဂွန်ချန်ပဲ ပျာနေသည်။ ထိုးကွက်ကန်ချက်များ အရာမထင်ဘဲ သရေပွဲဖြင့် အဆုံးသတ်ခဲ့သည်။

တတိယပွဲစဉ်အဖြစ် ရန်တိုင်းကျော်(ဝါဆို)နှင့် ဖားမွန်ခွန်း(ထိုင်း)တို့ ပွဲစဉ်တွင် နှစ်ဦးလုံးကိုယ်လုံးကိုယ်ထည်မျှသော်လည်း ဖားမွန်ခွန်း(ထိုင်း)က အရပ်အမောင်းသာသည်။ သူတို့နှစ်ဦးသည်လည်း ပဉ္စမအချီအထိ လက်ရည်မျှစွာ ယှဉ်ပြိုင်ပြီး အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေသာ ဖြစ်သွားသည်။ စတုတ္ထပွဲစဉ်အဖြစ် ရဲတံခွန်(အလင်းရောင်)နှင့် ဖက်နီခွန်(ထိုင်း)တို့ပွဲတွင် ပွဲစစချင်းပင် နှစ်ဦးစလုံးအဝင်အထွက် ကြမ်းကြမ်းဖြင့် ယှဉ်ပြိုင် ထိုးသတ်နေကြသဖြင့် ပရိသတ်အားပေးသံကျယ်လာသည်။ တတိယအချီတွင် ရဲတံခွန်(အလင်းရောင်) လက်သီးထိချက်ကြောင့် ဖက်နီခွန် နှာခေါင်းသွေးကျလာသည်။ စတုတ္ထအချီနှင့် ပဉ္စမအချီတို့တွင် အလုံး အထွေးများလာပြီး နောက်ဆုံးတွင် ရဲတံခွန်မှာ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပဉ္စမပွဲစဉ်အဖြစ် စောဂေါ်မူတို (သတ္တိ)နှင့် ဖာခေါ်(ထိုင်း)တို့ပွဲစဉ်ဖြစ်သည်။ စောဂေါ်မူတိုသည် မေ ၁၈ ရက်က ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဒုတိယအချီ နှစ်မိနစ် စက္ကန့် ၅၀ မှာပင် ဖုထိုင်း(ထိုင်း)ကို အလဲထိုးအနိုင်ရခဲ့သူဖြစ်သည်။ ပထမအချီပွဲအစတွင် တစ်ဦးနှင့်တစ်ဦး အကဲစမ်းနေ၍ ဒိုင်က မကြာခဏ သတိပေးနေရသည်။ ထို့နောက် ဆက်လက်ထိုးသတ်ကြရာ စောဂေါ်မူတို ဘယ်ညာလက်သီးတွဲလုံးများ ဖာခေါ်မျက်နှာ တရစပ်ထိပြီး ဖာခေါ်လဲကျကာ ပြန်မထနိုင်သဖြင့် စောဂေါ်မူတို ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဆဋ္ဌမပွဲစဉ်အဖြစ် သတ္တိအောင်(တောင်ကလေး)နှင့် ဖုထိုင်း(ထိုင်း)တို့ ပွဲစဉ်ဖြစ်သည်။ နှစ်ဦးစလုံး အရပ်အမောင်း အလုံးအထည် ညီမျှသည်။ ပထမအချီနှင့် ဒုတိယ အချီတို့တွင် သတ္တိအောင်က ဘယ်ညာလက်သီး အသုံးများပြီး ဖုထိုင်းက ခြေဖြင့် ထောက်ကန်ကန်သည်။ တစ်ခါတွင် ဖုထိုင်းခြေကန်ချက် သတ္တိအောင် မျက်လုံးထိပြီးပြာသွားသည်။ စတုတ္ထအချီစစချင်းပင် သတ္တိအောင် အနာခံ၍ အဝင်ကြမ်းကြမ်းဖြင့် ဖုထိုင်းကို ချိုစောင်းဖြင့် အားပါးတရ ဆွဲတိုက်နိုင်သဖြင့် ဖုထိုင်းမျက်ခုံးထိကွဲ၍ သွေးဖြာကျပြီး ဆက်လက် မယှဉ်ပြိုင်နိုင်တော့သဖြင့် သတ္တိအောင် စတုတ္ထအချီတွင် ပွဲချိုးပြတ် အနိုင်ရရှိခဲ့သည်။ သတ္တမပွဲစဉ်အဖြစ် ဒဂုံရွှေအောင်လံ ဒုတိယဆုရှင် သပြေညို (ဘိလပ်မြေစက်ရုံ)နှင့် နက်တဒက်(ထိုင်း)တို့ ပွဲစဉ်ဖြစ်သည်။ ဒုတိယအချီစစချင်းပင် သပြေညို ဘယ်ညာလက်သီးတွဲလုံးများကြောင့် နက်တဒက် အနားတောင်းလိုက်ရသည်။ တတိယအချီတွင် အမှတ်စဉ်အကြိမ်ကြိမ်ရေတွက်ခံရပြီး ဆက်လက် မယှဉ်ပြိုင်နိုင်တော့သဖြင့် တတိယအချီမှာပင် သပြေညို ပွဲချိုးပြတ်အလဲထိုးအနိုင်ရရှိခဲ့သည်။ အဋ္ဌမပွဲစဉ်အဖြစ် တူးတူး(နဂါးမာန်)နှင့် ခရွန်(ထိုင်း)တို့ပွဲစဉ်ဖြစ်သည်။ ခရွန်(ထိုင်း)မှာ မေ ၁၈ ရက်က ထိုးသတ်ခဲ့သည့်ပွဲတွင် ထွန်းထွန်းမင်းကို အရှုံးပေးခဲ့ရသဖြင့် ယခုပွဲတွင်တော့ ရှုံးကြွေးပြန်ဆပ်နိုင်ရေး ကြိုးစားယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ သို့သော် သမ္ဘာရင့် တူးတူးကို ထင်တိုင်းမပေါက်ဖြစ်နေသည်။ တူးတူးမှာ ပြာနေသည့် ခရွန်ကို အသာစီးဖြင့် ထိုးသတ်ပြီး သရေပွဲဖြင့်သာ နှစ်သိမ့်ခဲ့ရသည်။

မြန်မာ-ထိုင်း လက်ဝှေ့စိန်ခေါ်ပွဲတွင် ရဲတံခွန် (မြန်မာ)နှင့် ဖက်နီခွန် (ထိုင်း)တို့ ယှဉ်ပြိုင်ဟန်။

နဝမပွဲစဉ်အဖြစ် စိုးလင်းဦး (ဒို့ရိုးရာ)နှင့် ပါဝိ(ထိုင်း)တို့ပွဲစဉ်ဖြစ်သည်။ ပွဲစဉ်အစတွင် သမ္ဘာရင့် ဝါရင့်များပီပီ တစ်ဦးနှင့်တစ်ဦး အရိပ်အခြည်ကို အကဲစမ်းနေသဖြင့် ဒိုင်မှ သတိပေးရသည်။ တတိယအချီတွင် ပွဲကြမ်းလာသည်။ စိုးလင်းဦး၏ လက်သီးတွဲလုံးများကြောင့် ပါဝိ အမှတ်စဉ် ရေတွက်ခံရရုံသာမက ခဏခဏအနားတောင်း နေရသည်။ ကြာတော့ ပါဝိ မျက်နှာအထိမခံတော့၊ ခါးချုပ်၍ကိုင်ပေါက်ဖို့ ကြိုးစားလာသည်။ စိုးလင်းဦးကလည်း သတိကောင်းသည်၊ အကပ်မခံ။ ထိုအချိန်မှာပင် ပါဝိကို အလဲထိုးနိုင်လျှင် စိုးလင်းဦးကို ဆုကြေးငွေ ၁၅ သိန်း ချီးမြှင့်မည့် ကြေညာသံပေါ်လာသဖြင့် ပွဲက ပိုကြည့်ကောင်းလာသည်။ သို့သော် စိုးလင်းဦး ပဉ္စမအချီထိ အသာစီးထိုးသတ်ခဲ့ပြီး သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။

နောက်ဆုံးပွဲစဉ်အဖြစ် ပရိသတ်များအားအပေးဆုံးပွဲစဉ်ဖြစ်သည့်အပြင် ထွန်းထွန်းမင်း(မုဒုံသား)သည် မေ ၁၈ ရက်က ထိုးသတ်ခဲ့သည့်ပွဲတွင် ခရွန် (ထိုင်း)ကို အလဲထိုးအနိုင်ရခဲ့သူဖြစ်သည့်အပြင် ထိုးသတ်ကြေးအမြင့်ဆုံးပွဲဖြစ်သည်။ ဝီရာပိုလ်(ထိုင်း)သည် ထိုင်းနိုင်ငံ၏ အမြင့်ဆုံး လက်ဝှေ့ ချန်ပီယံဘွဲ့ဖြစ်သည့် လုမ္ဗနီ ချန်ပီယံဘွဲ့ကို သုံးနှစ် ဆက်တိုက်ရရှိထားခဲ့သူတစ်ဦးဖြစ်သည့်အတွက် သူတို့ပွဲမှာ မစခင်ပင် ပရိသတ်မှာ ထိုင်ခုံများမှထကာ အားပေးနေသည်။ သမ္ဘာရင့်နှစ်ဦးတို့ တွေ့စဉ် ပွဲစစချင်းပင် အဝင်အထွက် ကြမ်းကြမ်းဖြင့် အကဲစမ်းနေသည်။ ဒုတိယအချီတွင် အလုံးအထွေးများလာ၍ ဒိုင်က ဖျန်ဖြေနေရသည်။ တတိယအချီတွင် ထွန်းထွန်းမင်း ဒူးတိုက်ချက် ဝီရာပိုလ် မျက်နှာထိပြီး နှစ်မိနစ် အနားတောင်းရသည်။ ပရိသတ်များ၏ အားပေးသံများ အားကစားရုံတစ်ခုလုံး ပွက်လောညံနေသည်။ ထွန်းထွန်းမင်းကြား ဆုကြေးငွေတွေကလည်း တဖြည်းဖြည်း များလာသည်။ ဝီရာပိုလ်အနားယူပြီး ပြန်အထတွင် ထွန်းထွန်းမင်း ဒူးတိုက်ချက် မျက်နှာ ထပ်မံထိသဖြင့် လဲကျပြီးပြန်မထနိုင်တော့သဖြင့် တတိယအချီ တစ်မိနစ် ၄၅ စက္ကန့်မှာပင် ထွန်းထွန်းမင်း ဒိုင်ပွဲရပ်ဖြင့် ဝီရာပိုလ်(ထိုင်း)ကို အနိုင်ရရှိခဲ့သဖြင့် ပရိသတ်များ အထူး နှစ်ခြိုက်အားပေးခဲ့သော ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၆

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များရရှိစေရန်၊ လိုအပ်သည့်အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန်တို့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပထွက်ခွာ Departure နှင့် ပြည်ပဆိုက်ရောက် Arrival တို့၌ **မြန်မာရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့နေရာ (Myanmar Migrant Workers' Reporting Counter)**ကောင်တာတစ်ခုစီကို ဇူလိုင် ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အဝင်/အထွက် စာရင်းအရေအတွက်နှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရေးတို့အတွက် ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအား လိုအပ်သည့်ကာကွယ်စောင့်ရှောက်ရန်နှင့် အကူအညီများပေးရန် ကောင်တာတစ်ခုစီ ဖွင့်လှစ်ပြီး လိုအပ်မည့် ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လေဆိပ်ကောင်တာများတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သိရှိလိုသည့် အချက်အလက်များနှင့် မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပေးမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးဖုန်းနံပါတ်၊ သက်ဆိုင်ရာ နိုင်ငံ၏ဥပဒေအကျဉ်းများ၊ အလုပ်သမားသံအရာရှိခန့်အပ်ထားသော နိုင်ငံများတွင် အလုပ်သမားများ ဆက်သွယ်နိုင်မည့် အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်တို့ကို အလုပ်သမားများသိရှိနိုင်စေရန် ဝေငှသွားမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ခြင်းမှာ အလုပ်သမားများအတွက် လိုအပ်သည်များကို အပြည့်အဝကူညီနိုင်ရန်အတွက်ဖြစ်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ပထွက်ခွာ/ရောက်ရှိမှုအား စနစ်တကျ ကြီးကြပ်နိုင်ရန်အတွက် အလုပ်သမားများသည် ပြည်ပသို့ ထွက်ခွာလျှင် Departure ပုံစံနှင့် ပြည်ပဆိုက်ရောက် Arrival ပုံစံတို့ကို သတ်မှတ်ချက်နှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်ဖြစ်သည်။ အလုပ်သမားများအနေဖြင့် ပုံစံများဖြည့်သွင်း၍ မပျက်မကွက် ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ပျက်ကွက်ပါက ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား သိမ်းယူခြင်း သို့မဟုတ် ဒဏ်ငွေ ပေးဆောင်စေခြင်းဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့၌ဖြစ်ပွားသည့် ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ ၁၆ ဦးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ကျန်ခုနစ်မှုမှ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဆဲဖြစ်

ပုဒ်မ ၁၄၄ အမိန့်လိုက်နာမှုမရှိသူ ၃၄၆ ဦးအား ပုဒ်မ ၁၈၈ ဖြင့် အရေးယူ

မန္တလေး ဇူလိုင် ၆

မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ စုစုပေါင်းအမှု ၁၅ မှုရှိကြောင်း၊ ယင်းတို့အနက် လူသတ်မှု နှစ်မှု၊ နာကျင်စေမှု သုံးမှု၊ မီးရှို့မှု တစ်မှု၊ ပြစ်မှုပုဒ်မ ၃၂၄/၁၁၄ တစ်မှုတို့မှာ တရားခံ စုံစမ်းဆဲဖြစ်ပြီး ကျန်အခြားအမှု သုံးမှု၊ လက်နက်ပုဒ်မ ၁၉(က)နှစ်မှု၊ ရဲအက်ပုဒ်မ ၃၅ ဃ သုံးမှုတို့မှ ပြစ်မှုကျူးလွန်သူ ၁၆ ဦးတို့အား ဖမ်းဆီး၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဇူလိုင် ၃ ရက်တွင် မန္တလေးမြို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း လိုက်နာမှုမရှိသူများအား အရေးယူခဲ့ရာ ဇူလိုင် ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ တွေ့ရှိသူ ၁၄၅ ဦးအား ပညာပေးကိုယ်တိုင်ခံဝန်ချက်ဖြင့် ပြန်လည်စေလွှတ်ခဲ့ပြီး ဇူလိုင် ၄ ရက်တွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ၁၀၀ ဦး၊ ဇူလိုင် ၅ ရက်တွင် ၁၀၁ ဦးတို့အား ပုဒ်မ ၁၈၈ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖတ်စရာ မှတ်စရာ — တင်လှလှသန်း

စေတနာစွမ်းအင် သိစေချင်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စစ်ကွင်းကျေးရွာအုပ်စု ပေါ်တော်မူရွာရှိ ရွာဦးတံတားမှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်မှစ၍ အသုံးပြုလာခဲ့ရာ ယခင်က ၁၀ ပေအကျယ် ရေသွင်းမြောင်းအဖြစ်မှ တဖြည်းဖြည်း ရေတိုက်စားကာ ပေ ၃၀ ခန့်ကျယ်သော ချောင်းတံတားအဖြစ် ရွာသားများ ဖြတ်သန်းသွားလာရန် ဝါးတံတားငယ်အဖြစ် ဆောက်လုပ်ခဲ့ကြသည်။

နှစ်စဉ်ပြုပြင်အသုံးပြုခဲ့သော်လည်း အန္တရာယ်ကို အထူးသတိပြုကာ သွားလာနေကြရပါသည်။ ချောင်းတစ်ဖက်ရှိ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရဟန်းရှင်လူ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ သွားလာကြရသည်မှာ ခက်ခက်ခဲခဲ သတိဖြင့်သွားလာနေကြရပါသည်။ ထိုကဲ့သို့သော အလားတူ အခြားဝါးတံတားပေါ်မှ အသက်(၇၀)ခန့်ရှိ အဖွားတစ်ဦး ပြုတ်ကျ၍ လက်ကျိုးသွားကြောင်း ကြားသိရသောအခါ ဤတံတားလေးပေါ်မှလည်း ပြုတ်ကျခဲ့သည့် ဖြစ်ရပ်မျိုးများစွာရှိခဲ့ဖူးမည်ဟု တွေးမိသဖြင့် ဤတံတားကို ပြုပြင်ချင်စိတ်လွန်စွာဖြစ်ခဲ့ရပါသည်။ တံတားအသစ် ဆောက်လုပ်ရန် စိတ်ထဲတွင် ပြင်းပြစွာ ဖြစ်ပေါ်လာ၍ အင်ဂျင်နီယာတစ်ဦးနှင့် ခန့်မှန်းတွက်ချက်ကြည့်ရာ ၇၅ သိန်းခန့် ကုန်ကျမည်ဟု သိရသဖြင့် မိမိလက်ထဲတွင် ငွေကျပ် ငါးသိန်းခန့်သာရှိသောကြောင့် ရင်းနှီးသော ဆရာသမားများ၊ မိတ်ဆွေများထံ အကျိုးအကြောင်းတင်ပြ၍ အလှူခံခဲ့ရာ ကျွန်ုပ်၏ဆရာသမားနှင့် ဇနီးဖြစ်သူ အစ်မကြီး ဒေါ်စန်းစန်း တို့က မတည်ငွေ ၁၀ သိန်းလှူဒါန်းခဲ့ပါသည်။ သို့ဖြင့် ရန်ကုန်မြို့မှ အလှူရှင် ၂၅ ဦး၊ မော်လမြိုင်မြို့မှ တစ်ဦး၊ ရေးမြို့မှ ၁၂ ဦး၊ မန္တလေးမြို့မှ တစ်ဦး၊ မြိတ်မြို့မှ တစ်ဦး၊ မြောင်းမြမြို့မှ နှစ်ဦး၊ ပေါ်တော်မူကျေးရွာမှ ၆၀ တို့ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသဖြင့် အလှူငွေစုစုပေါင်း ၅၄ သိန်းကျော်ရရှိခဲ့ပါသည်။

ငွေကြေးတစ်စုံတစ်ရာမယူဘဲ တံတားပုံစံရေးဆွဲသည်မှစ၍ လုပ်အားဒါနပေးလှူခဲ့သော အင်ဂျင်နီယာ ဦးရဲလွင်၏ ပံ့ပိုးကူညီမှု၊ ရွာသူရွာသားများ၏ လုပ်အားပေးမှုများဖြင့် ဒု ၅ လက်မ၊ အလျား ၄၈ ပေ၊ အကျယ် ၅ ပေရှိသော သံကူကွန်ကရစ်အမျိုးအစား တံတားတစ်စင်းကို ငွေကျပ် သိန်း ၅၀ ကျော်ဖြင့် ဆောက်လုပ်ပြီးစီး၍ မတ် ၁၅ ရက် (တပေါင်းလပြည့်နေ့)က အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။ ပိုငွေဖြင့် တိုင်းလုံးချမ်းသာစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ပဋ္ဌာန်းပွဲလှူဒါန်းခြင်း၊ သဘော်ဆိပ်အိုးတုံးတံတား၊ အမိုးနှင့် ရေနံသုတ်ခြင်း၊ ရွာလုံးကျွတ် မုန့်ဟင်းခါးစတုဒိသာ ကျွေးမွေးခြင်းစသည့် အလှူများပါ လှူဒါန်းနိုင်ခဲ့သဖြင့် ပါဝင်လှူဒါန်းခဲ့သူများကို အထူးကျေးဇူးတင်ရှိပြီး ဤကဲ့သို့သော ကုသိုလ်ကောင်းမှုများကို သိရှိ၍ ဝမ်းသာအားရဖြစ်စေချင်ပါသည်။

ကျွန်ုပ်တစ်ဦးတည်း မဆောင်ရွက်နိုင်သော ကောင်းမှုကြီးကို ဗုဒ္ဓဘာသာဝင်များပီပီ ခမ္မမိတ်ဆွေများ ဝိုင်းဝန်းကူညီမှုဖြင့် တံတားသစ်တစ်စင်း ပြီးမြောက်အောင်မြင်ခဲ့သည်မှာ တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရနိုင်ကြောင်း သာဓကပင်၊ လှူဒါန်းသူတိုင်းသည်လည်း တံတားလှူဒါန်းရကျိုး (၅)မျိုးကို အမှန်တကယ်ပင် ရရှိကြပေမည်။

တံတားလှူဒါန်းရကျိုး(၅)မျိုး

ကမ်းပါးသစ်ပင်၊ တောင်တွင်ထိပ်က၊ လိမ့်၍ကျလည်း၊ ဘေးမှလွတ်ဘိ၊ မှီခိုရှိ၏။ မှတ်ဘိတစ်မျိုး၊ သူခိုးမင်းဘေးနှိပ်စက်ဝေးပြီး၊ ရန်ဘေးတစ်ဖန်၊ အောင်နိုင်ပြန်၍၊ လျင်မြန်ဆင်မြင်း၊ ယာဉ်ရခြင်းပ၊ ဤငါးဝသည် မှတ်ကြလမ်းတံတား လှူကျိုးတည်း။

ဤတံတားသစ်ကြောင့် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ လွယ်ကူချောမော အန္တရာယ်ကင်းစွာ သွားလာနိုင်သော အကျိုးကျေးဇူးများရရှိသကဲ့သို့ ဤမှာဘက်ကမ်းမှ သံသရာခရီးသွားများ၊ ဟိုမှာဘက်ကမ်းနိဗ္ဗာန်နန်းသို့ မဂ္ဂင်တံတားကြီးဖြင့် ချမ်းသာလွယ်ကူစွာ သွားရောက်နိုင်ရန် မျှော်ရည်မှန်း၍ ယခုဆောက်လုပ်ပြီးစီးသော တံတားသစ်ကို “စေတနာ မဂ္ဂင်တံတား”ဟု အမည်တွင်စေပါသတည်း။ ။

လူငယ်ဘောလုံးပွဲတော်ဖွင့်ပွဲ ကျင်းပ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းတို့ လူငယ်ဘောလုံးသမားများအား ဘောလုံးလက်ဆောင်ပေးစဉ်။

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Grassroots Football Festival 2014 ၏ ပထမအကြိမ် Grassroots Football Festival ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများက ပြိုင်ပွဲဝင်ကစားသမားများကို လိုက်လံနှုတ်ဆက်ပြီး ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဘောလုံးသမား ၂၀၀ အတွက် တစ်ဦးလျှင် ဘောလုံးတစ်လုံးစီ လက်ဆောင်ပေးအပ်သည်။

လူငယ်ဘောလုံးပွဲတော်တွင် ပြိုင်ပွဲခြောက်ခုကျင်းပမည်ဖြစ်ပြီး ယနေ့တွင် အရှေ့ပိုင်းခရိုင် (က)ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ဇူလိုင် ၂၇ ရက်တွင် အရှေ့ပိုင်းခရိုင်(ခ)ပြိုင်ပွဲ၊ ဩဂုတ် ၃ ရက်တွင် အနောက်ပိုင်းခရိုင်(က)ပြိုင်ပွဲ၊ ဩဂုတ် ၁၇ ရက်တွင် အနောက်ပိုင်းခရိုင် (ခ)ပြိုင်ပွဲ၊ စက်တင်ဘာ ၇ ရက်တွင် တောင်ပိုင်းခရိုင်ပြိုင်ပွဲနှင့် စက်တင်ဘာ ၂၁ ရက်တွင် မြောက်ပိုင်းခရိုင်ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။

သတင်း ›› ဖိုးသော်ဇင် ❖ ဓာတ်ပုံ ›› ရှိုင်းထက်ဇော်

✻ ဇီဝမျိုးစုံမျိုးကွဲများမှ

စိုက်ပျိုးနည်းစနစ်နှင့် ဆက်သွယ်ရေးကဲ့သို့သော အခက်အခဲများ ပြည့်စုံအောင် ဖြည့်ဆည်းနိုင်မှသာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့ ဆီအုန်း စိုက်ပျိုးနှုန်းကောင်းမွန်သည့် နိုင်ငံများကို အမီလိုက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယိုယွင်းပျက်စီးမှုမရှိသေးသည့် မြေနိမ့်ပိုင်းဒေသအပူပိုင်း အမြဲစိမ်းသစ်တောများကို တနင်္သာရီဒေသတွင်သာ တွေ့ရှိရပြီး မြန်မာနိုင်ငံ၏ အရေးပါဆုံး ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာဒေသလည်း ဖြစ်တည်လျက်ရှိသည်။ တစ်ကမ္ဘာလုံးတွင် မည်သည့်နေရာမျှ မတွေ့ရှိရတော့ဘဲ မြေပေါ်တွင် ကျက်စားသည့် တောင်ငုံးရင်မဲ(ခေါ်) အရောင်အသွေးလှပသည့် ငှက်များကို တနင်္သာရီဒေသရှိ သစ်တောများတွင် တွေ့ရှိရသကဲ့သို့ ကျားများ၊ ကျားသစ်များ၊ ဆင်များ၊ ကြံ့သူတော်တို့ကိုလည်း တွေ့ရှိရသည်။ ဤကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများ ပေါများခြင်းကြောင့် တနင်္သာရီအမျိုးသားဥယျာဉ်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာအဖြစ် လျာထားစာရင်းတွင် အဆိုပြုတင်သွင်းထားကြောင်း သိရသည်။

ယခုကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများ ပေါများသည့် တနင်္သာရီဒေသရှိ သစ်တောများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်သကဲ့သို့ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိကြသူများကလည်း သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေမည့် လူမှုရေးဆိုင်ရာကိစ္စများကို ထည့်သွင်းစဉ်းစားကာ သီးနှံများစိုက်ပျိုးကြခြင်းဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်မည် ဖြစ်ပေသည်။ ။



တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက(၁)ဒဂုံမှ မမေမြတ်နိုး ခုံအမှတ်/ဆဒဂ-၂၄၄ ကို ဘာသာစုံ ဂုဏ်ထူးရမှတ်ပေါင်း ၅၅၇ဖြင့် မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ဒုတိယအဆင့်ရရှိအောင် သင်ကြားပေးပါသော အထက(၁)ဒဂုံမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကိုနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ 9(B) စာသင်ဝိုင်းမှ အန်တီမိုးနှင့် ဆရာ၊ ဆရာမ များအားလည်းကောင်း၊ အိမ်တွင်လာရောက်သင်ကြားပေးပါသော ဆရာ၊ ဆရာမများအားလည်းကောင်း၊ ဘဘ ဦးသောင်းနိုင်၊ အန်တီ ဒေါ်တင်တင်ခိုင်၊ လိုအပ်သောအကူအညီများနှင့် အကြံဉာဏ်များပေးပါသော အန်တီ ဒေါက်တာနှင်းနှင်းယုနှင့် အစ်မ မယမုံမြတ်မွန်အား လည်းကောင်း၊ ဒေါက်တာယုဇနထွန်းအားလည်းကောင်း၊ ငယ်စဉ်မှယခုတိုင် နှစ်စဉ်နှစ်တိုင်း ထူးချွန်ဆုများရရှိအောင် ကူညီသင်ကြားပေးပါသော ဆရာမသဇင်ဖြူ(B.E.C)အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဦးအောင်ခိုင်-ဒေါ်စန်းစန်းမြင့်(မီးမီး)

သမီး-မမေမြတ်နိုး၊ သမီးငယ်-မမီမီမြတ်နိုး Grade 7(A) အထက(၁)ဒဂုံ

M.Z.T moon Co., Ltd. မိသားစု

မဟာဗျူဟာမြောက် မြန်မာ့ဈေးကွက်

သတင်း-သတင်းလုလင်
ဓာတ်ပုံ-ငွေးအောင်

နိုင်ငံတကာ စီးပွားရေး ပလက်ဖောင်းအတွက် တံခါးဖွင့်ပေးလိုက်သော မြန်မာနိုင်ငံသည် ဥပဒေသစ်နှင့်အညီ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ခွင့်ပြုပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ရေးရည်မှန်းချက်ကို မျှော်မှန်းလျက် ပြင်ဆင်မှုများ ပြုလုပ်နေသော မြန်မာနိုင်ငံသည် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဇရိယာ(အက်ဖ်တာ)အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အာဆီယံဈေးကွက်မှတစ်ဆင့် ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ထားနိုင်သည်။

ဒေသဆိုင်ရာ မဟာဗျူဟာမြောက် ဈေးကွက်တစ်ခုအဖြစ် သတ်မှတ်ခံရသော မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းအုပ်စုတစ်ခုမှာ Panasonic Corporation ဖြစ်သည်။

စီးပွားရေး နယ်ပယ်အချင်းချင်း လုပ်ငန်းဆောင်တာများ ပူးပေါင်းဆောင်ရွက်မှု (Business- to-Business)နှင့် သုံးစွဲသူများ ဈေးကွက်အတွင်း လုပ်ငန်းဆောင်ရွက်မှု (Business- to- Consumer)ကဏ္ဍ နှစ်ရပ်စလုံးတွင် အာရုံစိုက်လုပ်ကိုင်သွားရန် ရည်မှန်းထားကြောင်း၊ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာသူ Mr. Kazuhiro Tsuga က ရန်ကုန်မြို့၌ ဇူလိုင် ၂ ရက်က ကျင်းပသော မီဒီယာစကားဝိုင်းတွင် ထုတ်ဖော်ပြောကြားသည်။**(အပေါ်ယာပုံ)**

"မြန်မာနိုင်ငံကို အနာဂတ်ဖွံ့ဖြိုးမှု အလားအလာကောင်းတွေနဲ့ ပြည့်စုံတဲ့ ဈေးကွက်အဖြစ် ရှုမြင်ပါတယ်။ အချက်အချာကျလှတဲ့ မြန်မာ့ဈေးကွက်အတွက် ပြည်တွင်းသုံးစွဲသူတွေနဲ့ ကိုက်ညီမယ့် ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့ စီမံကိန်းရေးဆွဲနေပါပြီ၊ ဒေသခံအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု Mr. Tsuga က ပြောကြားသည်။

"မြန်မာနိုင်ငံဟာ ကျွန်တော်တို့အတွက် မဟာဗျူဟာမြောက် ဈေးကွက်တစ်ခုပါ။ မြန်မာနိုင်ငံမှာ B2C နဲ့ B2B ကဏ္ဍများ မြှင့်တင်နိုင်ဖို့ အလေးပေးဆောင်ရွက်သွားပါမယ်" ဟု Mr.Tsuga က ပြောကြားသည်။

B2B ဆိုသည်မှာ ကုမ္ပဏီများအကြား စီးပွားရေးလုပ်ရှားဆောင်ရွက်ချက်များအရ အပြန်အလှန် ထိတွေ့ဆက်ဆံလုပ်ကိုင်ခြင်းဖြစ်ပြီး B2C ဆိုသည်မှာ ကုမ္ပဏီနှင့် စားသုံးသူများအကြား စီးပွားရေးလှုပ်ရှားဆောင်ရွက်ချက်များအရ တိုက်ရိုက်ထိတွေ့ဆက်ဆံလုပ်ကိုင်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ ပြည်တွင်းလိုအပ်ချက်နဲ့ ကိုက်ညီမယ့် ထုတ်ကုန်တွေကို ဖြည့်ဆည်းပေးသွားပါမယ်"ဟု အာရှ-ပစိဖိတ်ဒေသဆိုင်ရာရုံးချုပ်၏ မန်နေဂျင်းဒါရိုက်တာ Mr.Junichiro Kitagawa က မီဒီယာစကားဝိုင်းတွင် ပြောကြားသည်။

Panasonic သည် မြန်မာနိုင်ငံ၌ ယခုနှစ် အောက်တိုဘာလအတွင်း B2B နှင့် B2C Solutions နှင့်သက်ဆိုင်နေသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပထမဆုံးအကြိမ် ခင်းကျင်းပြသရန်လည်း စီစဉ်လျက်ရှိသည်။

"မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ကုမ္ပဏီ ထိတွေ့ဆက်ဆံမှုဟာ သမိုင်းကြောင်းရှည်ကြာစွာ တည်ရှိခဲ့ပြီးဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းဝင် SEA Games ပြိုင်ပွဲအတွက်လည်း ပံ့ပိုးပေးခဲ့တယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ နေစွမ်းအင်သုံး ဆိုလာမီးအိမ်တွေကို လှူဒါန်းပေးခဲ့ပါတယ်"ဟု မြန်မာဌာနေကိုယ်စားလှယ်ချုပ် Mr. Hisakazu Maeda က ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၅၄ ခုနှစ် နိုဝင်ဘာ ၅ ရက်က ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ စစ်လျော်ကြေးပေးအပ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်ဖြစ်သည်။

၁၉၆၂ ခုနှစ်တွင် စက်မှုနိုင်ငံထူထောင်ရေးမူဝါဒအရ ဂျပန်ကုမ္ပဏီလေးခု၏ နည်းပညာအကူအညီကိုရယူကာ ဆောင်ရွက်ခဲ့သည်။

ပန်နာဆိုးနစ်၊ ကူဘိုတာ၊ မာဇဒါ၊ ဟီးနိုးဟူသော အမည်နာမများသည် မြန်မာလူထုနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ ယင်းအမည်နာမများသည် မြန်မာနှင့် ဂျပန်တို့၏ ချစ်ကြည်ရေးပြယုဂ် စက်မှုစီမံကိန်းကြီး လေးရပ်အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူခဲ့သည်။

ဂျပန်ကုမ္ပဏီများသည် ဈေးကွက်စွမ်းဆောင်ရည်မြင့်မားပြီး ၎င်းတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် အရည်အသွေးထိန်းသိမ်းမှုကို အလေးပေးသဖြင့် မြန်မာစားသုံးသူများ၏ ယုံကြည်မှုရရှိခဲ့ကြပြီးဖြစ်သည်။

ဂျပန်ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility)ကို အလေးပေးလေ့ရှိကြသည်။

စီးပွားရေးပိတ်ဆို့မှုကို နှစ်ပေါင်းကြာရှည်တွေ့ကြုံလာခဲ့ရသော မြန်မာနိုင်ငံသည် ယနေ့ကာလတွင် စီးပွားရေးရှုခင်း သိသိသာသာ ပြောင်းလဲသွားပြီဖြစ်ရာ ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီများက စီးပွားရေးအရ မိတ်ဆက်ပြုမှု မြှင့်တင်ရန် အင်အားထက်သန်လျက်ရှိကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၃ ခုနှစ် မေလက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နှစ်နိုင်ငံ စီးပွားရေး ဆက်ဆံမှုမြှင့်တင်ရန် ဆွေးနွေးခဲ့သည်။ ၁၉၇၇ ခုနှစ်နောက်ပိုင်း ဂျပန်နိုင်ငံအကြီးအကဲတစ်ဦး မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

သမ္မတဦးသိန်းစိန်သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်ရန် ရည်ရွယ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသော မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံ၏ ထိပ်တန်းကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမှုကို အားရဖွယ်ရာ တွေ့မြင်လာရပြီဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

ဒက္ခိဏသီရိမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

လယ်ဝေး ဇူလိုင် ၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာတွင် ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် NGO များ ပူးပေါင်း၍ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိက်ဆေးခပ်ခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဇော်မျိုးနိုင်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အာဟာရသုခဈေး၌ ဈေးသည်ဈေးဝယ်များ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ဈေးအတွင်းရှိ ရေဆိုးထုတ်မြောင်းများ၊ ဆိုင်ခန်းများသို့ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းဆောင်ရွက်မှုကို ဇူလိုင် ၅ ရက် ညနေ ၆ နာရီက ဈေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဈေးဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ထို့အတူ ဇူလိုင် ၃ ရက် ညနေ ၅ နာရီက ပျဉ်းမနားမြို့မဈေးတွင် ဈေးတာဝန်ခံဦးတင်မောင်ကြည်နှင့်ဝန်ထမ်းများ ဈေးအတွင်းအပြင် ရေမြောင်းများနှင့် ဆိုင်ခန်းများအား ခြင်၊ ယင် ခိုအောင်းမှုမရှိစေရန် ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၆၈၈)**

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

အရိယမဂ္ဂင်ရိပ်သာ ရန်ကင်း

ဝါတွင်းသုံးလ အစီအစဉ်(၁) ရက်ရှည်အားထုတ်လိုသော ယောဂီများကို ဦးရေကန့်သတ်၍ လက်ခံပါမည်။ မဟာစည်နည်းအတိုင်း အနည်းဆုံး(၂)ပတ်မှ (၂) လအထိ အားထုတ်ရမည်။ ကျန်းမာရေးကောင်းပြီး တကယ်အားထုတ်လိုသူဖြစ်ရမည်။ အစီအစဉ်(၂)ပိဋကမြန်မာပြန်နိကာယ်သင်တန်းကို ဇူလိုင် ၁၉ မှစ၍ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း (၁)နာရီမှ (၃)နာရီ (၂)ချိန်ဖြစ်ပါသည်။ အစီအစဉ်(၃) လူငယ်များအတွက် အပတ်စဉ် တနင်္ဂနွေ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဆက်လက်ဖွင့်ထားပါသည်။ မွန်းလွဲ(၂)နာရီမှ (၄)နာရီဖြစ်ပါသည်။

အမှတ်စဉ်(၁)နှင့်(၂)အတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၅၆၀၇၁၈/၅၅၀၁၉၅၊ ၀၉-၄၂၁၁၀၃၀၇၈ ဝေယျာဝစ္စအဖွဲ့ အရိယမဂ္ဂင်ရိပ်သာ၊ ရန်ကင်းလမ်းသွယ်(၁)၊ (၁၂)လုံးတန်း မီးပွိုင့်အနီး။

တောင်ကိုရီးယားကြယ်နှစ်ပွင့် ပြန်လည်ဆုံတွေ့ကြမည့် Temptation ဒရာမာဇာတ်ကား

Stairway to Heaven ဇာတ်ကားအပြီး (၁၁) နှစ်ကြာ ရုပ်ရှင်ဖန်သားပြင်ပေါ်တွင် မတွေ့ခဲ့ရသည့် တောင်ကိုရီးယားကြယ်ပွင့်များဖြစ်ကြသည့် ခွန်ဆန်ဝူးနှင့် ချွဲဂျီဝူးတို့၏ ပထမဆုံးအကြိမ် ပြန်လည်ဆုံတွေ့မှုအဖြစ် မြင်တွေ့ရမည့် Temptation ဒရာမာဇာတ်ကားကို အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ဇူလိုင် ၁၄ ရက်တွင် စတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Temptation ဇာတ်ကားသည် ရွေးချယ်ရခက်ခဲသည့် အစွန်းနှစ်ဖက်အကြားတွင် ခေတ်လူငယ်ပညာတတ်လူချမ်းသာတစ်ဦးအဖြစ် သရုပ်ဆောင်မည့် ခွန်ဆန်ဝူးနှင့် ငယ်ငယ်ရွယ်ရွယ်နှင့် ဖခင်၏ စီးပွားရေးလုပ်ငန်းများကို လက်လွှဲယူခဲ့ရသည့် ထူးချွန်ထက်မြက်ပြီး စိတ်ဓာတ်ခိုင်မာသည့် အမျိုးသမီးငယ်တစ်ဦးအဖြစ် သရုပ်ဆောင်မည့် ချွဲဂျီဝူးတို့ကို မြင်တွေ့ရမည်ဖြစ်သည်။

"ဒီဇာတ်ကားမှာ ခွန်ဆန်ဝူးနဲ့ ချွဲဂျီဝူးတို့ရဲ့ သရုပ်ဆောင်ပညာတွေနဲ့သာမကဘဲ သူတို့ရဲ့ ရင်းနှီးတဲ့သူငယ်ချင်းသံယောဇဉ်ကလည်း အများကြီးအထောက်အကူပေးခဲ့ပါတယ်၊ ဒါကြောင့် ဒီဇာတ်ကားဟာ မျှော်လင့်တာထက်ပိုပြီး အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု Temptation ရုပ်ရှင်အဖွဲ့သားများက ဆိုသည်။

ဟောလိဝုဒ်ငွေကြယ်ပွင့်စုံတွဲ၏ ဒုတိယမြောက်ဇာတ်ကား မကြာမီရိုက်ကူးမည်

၂၀၀၅ ခုနှစ်က ထွက်ရှိခဲ့သည့် Mr. & Mrs. Smith ဇာတ်ကားအပြီး နောက်ထပ်စုံတွဲတွေ့မြင်ရခြင်းမရှိတော့သည့် ဟောလိဝုဒ်ငွေကြယ်ပွင့်စုံတွဲ ဘရက်ပစ်ဒ်နှင့် အိန်ဂျလီနာဂျိုလီတို့က ဩဂုတ်လတွင် ၎င်းတို့နှစ်ဦးပါဝင်သရုပ်ဆောင်မည့် ဒုတိယမြောက်ဇာတ်ကားကို မယ်လ်တာ၌ စတင်ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျိုလီတို့စုံတွဲအနေဖြင့် ၎င်းတို့၏ သားသမီးများနှင့်အတူ သဘာဝအလှအပရှုခင်းများနှင့်ပြည့်စုံသည့် ဥရောပတိုင်းပြည်တစ်ပြည်တွင် ဒုတိယအကြိမ်မြောက် ထပ်မံလာရောက်ကာ ဇာတ်ကားတစ်ကားပုံဖော်ကြမည်ဖြစ်ကြောင်း မယ်လ်တာသမ္မတနိုင်ငံ ဝန်ကြီးချုပ်က Us Weekly သို့ အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

"ဒီရုပ်ရှင်က ဇာတ်အိမ်အကျယ်ကြီးမဟုတ်သလို အက်ရှင်ဇာတ်ကားလည်းမဟုတ်ပါဘူး၊ အချစ်ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် အိန်ဂျလီနာဂျိုလီက ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် စုစည်းသည်

ယာဉ်မတော်တဆမှုများနှင့် ယာဉ်လုပ်သားများကိစ္စ ကူညီရန် မထသယာဉ်ပိုင်ရှင်လူမှုရေးအသင်း ဖွဲ့စည်းမည်

ရန်ကုန် ဇူလိုင် ၆

မထသစီမံမှုအောက်ရှိ ယာဉ်လိုင်းအသီးသီးမှ ယာဉ်ပိုင်ရှင်များ ပါဝင်သည့် မထသယာဉ်ပိုင်ရှင် လူမှုရေးအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ရရှိသော ရန်ပုံငွေမှ ယာဉ်လုပ်သားများ၏ သာရေး၊ နာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ယာဉ်လုပ်သားများ၏ သားသမီးများ ပညာသင်စရိတ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မထသယာဉ်ပိုင်ရှင်များ လူမှုရေးအသင်းအဖွဲ့အစည်းသည် ခရီးသည်တင်ယာဉ်များ ကြုံတွေ့ရတတ်သည့် ယာဉ်မတော်တဆမှုများကို အသင်းမှ လိုက်လံကူညီဖြေရှင်းထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက လိုအပ်သည့်နေရာများသို့ သွားရောက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်ပိုင်ရှင်တွေနဲ့ ယာဉ်လုပ်သားတွေမှာ လိုအပ်နေတဲ့ကိစ္စရပ်တွေကို ကူညီဆောင်ရွက်ပေးဖို့ မထသယာဉ်ပိုင်ရှင်လူမှုရေးအသင်းကို ဖွဲ့စည်းရတာဖြစ်ပါတယ်။ အသင်းကြီးက ရရှိတဲ့ရန်ပုံငွေနဲ့ ရှင်ပြုရဟန်းခံကထိန်ပွဲနဲ့ ဆင်းရဲနွမ်းပါးတဲ့ နေရာတွေကို သွားရောက်လှူဒါန်းသွားမှာပါ"ဟု ၃၁ ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင် ဦးကိုကိုနိုင်က ပြောသည်။

မထသယာဉ်ပိုင်ရှင် လူမှုရေးအသင်းဖွဲ့စည်းခြင်းကို ဗဟန်းမြို့နယ် (၁)လမ်းရှိ မထသမှော်ရုံတွင် ယာဉ်ပိုင်ရှင်အားလုံးဖိတ်ကြား၍ ယာယီဖွဲ့စည်းသွားမည်ဖြစ်ပြီး ဌာနခွဲတစ်ခုစီတွင် အသင်းခွဲတစ်ခုကို ယာဉ်လိုင်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သော အသင်းခွဲကော်မတီ ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အသင်းရန်ပုံငွေ ရရှိရန်အတွက် အသင်းဝင်ယာဉ်ပိုင်ရှင်များ၏ ထွက်ကားများမှ အသင်း၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး အထက်ပါအသင်းသို့ဝင်ရောက်လိုပါက ဆန္ဒပြုလွှာတွင် ရေးသွင်းနိုင်ကြောင်း ယာဉ်ပိုင်ရှင်လူမှုရေးအသင်း ဖွဲ့စည်းနိုင်ရေး အကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။ **(ကေသိန်းဆွေ)**

မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အရေးဗစ်သင်တန်းဆင်းပွဲကျင်းပ

မြိတ် ဇူလိုင် ၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အရေးဗစ်သင်တန်းဆင်းပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက မြိတ်တက္ကသိုလ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မြိတ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက အမှာစကားပြောကြားသည်။

ယင်းနောက် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆုရရှိသော သင်္ချာဘာသာအသင်း၊ ဒုတိယဆုရရှိသော ရူပဗေဒဘာသာအသင်း၊ တတိယဆုရရှိသော ဓာတုဗေဒအသင်းနှင့် သင်တန်းဆင်း ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များကို မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ မြိတ်ခရိုင် အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဆင်းပွဲကို မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသူ ၆၀ ကျော် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၄ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြိတ်ခရိုင် ပြန်/ဆက်)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာဖို့

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော S.C Artistry Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ပြီး 22 Soi Viphawadi Rangsit 38,Ladyao,Jatujak ,Bangkok 10900 တွင် အခြေစိုက် တည်ထောင်ဖွင့်လှစ်ထားပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် အလှကုန်ပစ္စည်းများကို LOLANE ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ၁၉၈၉ ခုနှစ်မှစတင်ပြီး ထိုင်းနိုင်ငံအခြေစိုက် S.C Sereechai Beauty Co.,Ltd နှင့် အကျိုးတူပူးပေါင်းကာ LOLANE ကုန်အမှတ်တံဆိပ်ဖြင့် အဆိုပါအလှကုန်ပစ္စည်းများကို ထိုင်းနိုင်ငံနှင့် အခြားသောကမ္ဘာအနှံ့ နိုင်ငံအမြောက်အမြားတွင် LOLANE Beauty Products တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် LOLANE Beauty Products ကို မြန်မာနိုင်ငံတွင် ၁၉၉၄ခုနှစ်မှစ၍ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ၁၉၉၅ခုနှစ်တွင် ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆၇)လမ်း၊ အမှတ်(၄၀)တွင် တည်ထောင်ထားသည့် Grand Wynn Enterprise Co.,Ltd(GWE) နှင့် LOLANE Beauty Products ဖြန့်ဖြူးရောင်းချရေးကိစ္စရပ်များကို နှစ်ဦးသဘောတူ သီးခြားပဋိညာဉ်စာချုပ်များဖြင့် စဉ်ဆက်မပြတ် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါသည်။ နှစ်ဦးသဘောတူ ပဋိညာဉ်စာတမ်းပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များကို အောင်မြင်စွာ ဖြန့်ဖြူးနိုင်ရန် အရောင်းမြှင့်တင်ပွဲများ ပြုလုပ်ခဲ့ရာတွင် ကျသင့်သောကုန်ကျစရိတ်ကို ကျွန်ုပ်အမှုသည်ကုမ္ပဏီမှ GWE ကုမ္ပဏီကိုလိုအပ်သလို အပြည့်အဝ ထောက်ပံ့ပေးခဲ့ပါသည်။ နောက်ဆုံးလက်မှတ်ရေးထိုးခဲ့သော နှစ်ဦးသဘောတူပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် LOLANE Beauty Products ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ GWEကုမ္ပဏီအား ၉-၁၀-၂၀၁၃ ရက်တွင် တရားဝင်အပြီးအပိုင် ရပ်စဲလိုက်ကြောင်း ကျွန်ုပ်၏အမှုသည် ကုမ္ပဏီ၏ရှေ့နေမှတစ်ဆင့် ၁၂-၉-၂၀၁၃ရက်စွဲပါ တရားဝင်ရေးသားအကြောင်းကြားစာဖြင့် ပေးပို့အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်း GWE Co.,Ltd သည် ၉-၁၀-၂၀၁၃ ရက်မှစ၍ ကျွန်ုပ်အမှုသည် ကုမ္ပဏီကထုတ်လုပ်သည့် LOLANE အမှတ်တံဆိပ်ပါ Beauty Product များကို ဖြန့်ဖြူးရောင်းချသူအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိတော့ကြောင်း အသိပေး အကြောင်းကြားလိုက်ပါသည်။ ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(၉၁)တွင် ဖွင့်လှစ်တည်ထောင်ထားသည့် Futrue Glow Co.,Ltd ကို ၁၄-၃-၂၀၁၄ ရက်မှစ၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ဖြန့်ဖြူးရောင်းချသူ ကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

LOLANE Beauty Product များကို ဝယ်ယူအားပေးမည့် အများပြည်သူများအား အထူးအကြံပေး ပြောကြားလိုသည်မှာ LOLANE ကုန်အမှတ်တံဆိပ်အစစ်အမှန်ကို သေချာစွာ ကြည့်ရှုပြီး ကျွန်ုပ်အမှုသည်၏ တရားဝင်ဖြန့်ဖြူးရောင်းချသူအဖြစ် ခန့်ထားသည့် Futrue Glow Co.,Ltd ထံမှသာ ဝယ်ယူအားပေးခြင်းပြုကြရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သန်းစိုး
B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)
အမှတ်(၁၂)၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်(၄၈၁)၊ အိမ်အမှတ်(၄၃)၊ ရွှေပြည်သာလမ်း၊ ဒဂုံမြောက်မြို့နယ်၊ ဦးစံသိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဒေါ်ဝင်းပပခင်[၈/ရနခ(နိုင်)၀၇၁၇၆၀]ထံမှ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်စင်ထွန်း[၉/ပမန(နိုင်)၀၁၉၄၉၁]

သင့်သွေးဖြင့် အသက်ကယ်ပါ

ပျောက်ဆုံး

ကျွန်တော်များကုမ္ပဏီ၏ သွင်းကုန်လိုင်စင်အမှတ် I.L6 14-15 0870(22-5-2014)/ IL.6 14-15 0305(24-4-2014)နှင့် IL-5 13-14 2610(30-12-2013)တို့နှင့် အရေးကြီးစာရွက်စာတမ်းများ(၂၂၆) မော်တော်ယာဉ်ပေါ်တွင် ၃၀-၆-၂၀၁၄ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆုံးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

Ph:09-420133308, 09-254054120

မက်ဆီမှာ အာဂျင်တီးနားအတွက် သဲကန္တာရထဲက ရေဖြစ်ကြောင်း ဆက်ဘယ်လာဖွင့်ဟ

အာဂျင်တီးနားအသင်းသည် ဘယ်လ်ဂျီယံအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် ကမ္ဘာ့ဖလားကွာတားဖိုင်နယ် ပွဲစဉ်တွင် ခက်ခက်ခဲခဲကစားခဲ့ရစဉ် ဘယ်လ်ဂျီယံအသင်းအား အနိုင်ရရှိခဲ့ရာ၌ အာဂျင်တီးနားအသင်းခေါင်းဆောင်မက်ဆီမှာ အံ့သြဖွယ်ကောင်းလောက်အောင် ခြေစွမ်းပိုင်ဆိုင်ခဲ့ခြင်းကြောင့် အာဂျင်တီးနားအသင်းအတွက် သဲကန္တာရထဲက ရေဖြစ်ခဲ့ကြောင်း နည်းပြဆက်ဘယ်လာက ဖွင့်ဟပြောကြားခဲ့သည်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို လေးကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သည့် လီယွန်နယ်မက်ဆီသည် ဘယ်လ်ဂျီယံအသင်း၏ ဂိုးပေါက်ကိုခြိမ်းခြောက်ရာတွင် သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်မှုမှာ အားနည်းခဲ့သော်လည်း အာဂျင်တီးနားအသင်းတိုက်စစ်ပိုင်းအတွက်မူ ဗိသုကာပညာရှင်တစ်ဦးသဖွယ်စွမ်းဆောင်နိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းခေါင်းဆောင်မက်ဆီသည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးမမြူးခဲ့သော်လည်း အာဂျင်တီးနားအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အသင်းခေါင်းဆောင် မက်ဆီအား ကျေနပ်အားရမှုရှိကြောင်းလည်း နည်းပြဆက်ဘယ်လာက ပြောကြားခဲ့သည်။

ထို့ကြောင့် အာဂျင်တီးနားအသင်းသည် မက်ဆီ၊ ဒီမာရီယာစသည့် ကစားသမားများ၏ ဦးဆောင်မှုနှင့်အတူ ဘယ်လ်ဂျီယံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ယင်းသို့ ဆီမီးဖိုင်နယ်တက်လှမ်းလာနိုင်ခဲ့ခြင်း သည် အာဂျင်တီးနားအသင်းအတွက်၁၉၉၀ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်တက်လှမ်းလာခဲ့ခြင်းလည်းဖြစ်သည်။

ဘရာဆီးလီးယား၌ ယှဉ်ပြိုင်ကစားခဲ့သည့် အာဂျင်တီးနားအသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင်တိုက်စစ်မှူး ဒီမာရီယာသည် ဒဏ်ရာ ပြဿနာကြုံခဲ့ခြင်းကြောင့် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပါဝင်လာရန်မသေချာသေးကြောင်း ၎င်း၏ ကိုယ်စားလှယ်ဖြစ် သူက ပြော ကြားခဲ့သည်။

သို့ရာတွင် အာဂျင်တီးနားအသင်းဆေးဆရာဝန်များကမူ နယ်သာလန်အသင်းနှင့်ပွဲစဉ်တွင် ဒီမာရီယာလွဲချော်မည်လားဆိုသည့် အဖြေနှင့်ပတ်သက်၍ အတည်မပြုနိုင်သေးကြောင်း၊ လက်ရှိတွင် ဒဏ်ရာပြဿနာအား ဆေးစစ်မှုပြုလုပ်လျက်ရှိကြောင်းပြောကြားခဲ့ပြီး ဒီမာရီယာမပါဝင်နိုင်ခဲ့ပါက မက်ဆီတစ်ဦးတည်းအပေါ် တည်မှီလွန်းသည့် အာဂျင်တီးနားအသင်းအတွက် ကြီးမားသောထိုးနှက်ချက်တစ်ရပ်ဖြစ်လာနိုင်ကြောင်းလည်း ကျွမ်းကျင်သူအချို့က သုံးသပ်ထားသည်။

အာဂျင်တီးနားအသင်းနည်းပြဆက်ဘယ်လာအနေဖြင့်အာဂျင်တီးနားအသင်းအတွက် မက်ဆီသည်သာ သဲကန္တာရထဲကရေဖြစ်ကြောင်းချီးကျူးပြောကြားထားသည်။ **[ငွေကြယ်]**

၂၀၁၄ ကမ္ဘာ့ဖလားတွင် လူစားဝင်ကစားသမားများ ဂိုးသွင်းယူမှု အများဆုံးအဖြစ် စံချိန်တင်

ဘရာဇီးနိုင်ငံတွင်ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လူစားဝင်ကစားသမားများ၏ ဂိုးသွင်းယူနိုင်မှု အရေအတွက်မှာ များပြားလျက်ရှိနေကြောင်းသိရသည်။ လက်ရှိအချိန်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များအပြီး၌ လူစားဝင်လာသည့် ကစားသမားများမှာ စုစုပေါင်း သွင်းဂိုး ၂၉ ဂိုးထိသွင်းယူထားနိုင်ခဲ့ပြီး ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင်ယခုကဲ့သို့ လူစားဝင်ကစားသမားများ၏ ဂိုးသွင်းမှု အရေအတွက်အများဆုံးအဖြစ် မှတ်တမ်းဝင်လာခဲ့ခြင်းလည်းဖြစ်သည်။ ယခင်ကလူစားဝင်ကစားသမားများ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့သည့် ပြိုင်ပွဲမှာ၂၀၀၆ ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားတွင်ဖြစ်ပြီး စုစုပေါင်း ၂၃ ဂိုးသွင်းယူထားနိုင်ခဲ့သည်။ သို့သော် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပွဲစဉ်များအားလုံးမပြီးဆုံးမီအချိန်တွင်ပင် ၂၉ ဂိုးထိရှိလာခဲ့ခြင်းဖြစ်ပြီး ယင်းအရေအတွက်မှာ ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အများဆုံးအရေအတွက် ဖြစ်လာခဲ့သည်။ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူစားဝင်ကစားသမားများ သွင်းယူခဲ့သည့် ဂိုးအများဆုံးရရှိထားသည့်အသင်းမှာ နယ်သာလန်အသင်းဖြစ်ပြီး စုစုပေါင်း လေးဂိုးထိရရှိထားကြောင်းသိရသည်။

ထို့ပြင် လူစားဝင်ကစားသမားများ၏ သွင်းဂိုးကြောင့်နိုင်ပွဲရရှိခဲ့သည့် အသင်းများမှာပြိုင်ပွဲဝင် စုစုပေါင်း ၃၂ သင်းတွင် ၁၈ သင်းထိရှိလာခဲ့ပြီးယင်းအသင်းများတွင် ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ၊ အမေရိကန်တို့ကဲ့သို့ အသင်းများအပြင် ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့ကြသည့် ဘရာဇီး၊ ဂျာမနီ၊ဟော်လန်အသင်းတို့လည်း ပါဝင်လျက်ရှိသည်။ **[စွမ်းထက်အောင်]**

ကမ္ဘာ့ဖလားတွင် ဂျာမနီအသင်း ဗိုလ်စွဲနိုင်မည်ဟု ဟမ်းမဲလ် ကြွေးကြော်

ဂျာမနီအသင်း၏ နောက်ခံလူ မက်စ်ဟမ်းမဲလ်က ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်း ဗိုလ်စွဲနိုင်လိမ့်မည်ဖြစ်ကြောင်း ကြုံးဝါးပြောဆိုလိုက်သည်။

ပြင်သစ်အသင်းအား အနိုင်ရရှိခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင်အသင်းအတွက် အဖိုးတန်အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သူ ဟမ်းမဲလ်က "ကျွန်တော်တို့အခုလိုခြေစွမ်းမျိုးနဲ့သာ ပွဲတိုင်းကိုကစားနိုင်မယ်ဆိုရင်တော့ သေချာပေါက်ဗိုလ်စွဲနိုင်မှာပါ၊ ပြင်သစ်အသင်းဟာ အသင်းကောင်းတစ်သင်းပါ၊ ဒီလိုအသင်းမျိုးနဲ့ပွဲစဉ်မှာ ကျွန်တော်တို့ အခွင့်အရေးတွေအများအပြားရရှိခဲ့ပေမယ့် တစ်ဂိုးထက်ပိုမရရှိခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ အနိုင်ရလဒ်နဲ့ထိုက်တန်ပါတယ်၊ ကျွန်တော်တို့ရဲ့ကစားပုံဟာ ဖျော်ဖြေမှုအပြည့်အဝ မပေးစွမ်းနိုင်ပေမယ့် အနိုင်ရလဒ်တစ်ခုကို ဆောင်ကြဉ်းနိုင်ဖို့ လုံလောက်တဲ့စွမ်းဆောင်ရည် အပြည့်ရှိပါတယ်"ဟုပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဖြစ် ဇူလိုင် ၉ ရက်တွင် အိမ်ရှင် ဘရာဇီးအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို အနိုင်ရရှိခဲ့ပါက ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

[ကိုရဲ]

ဂိုးအများဆုံး သွင်းထားသူများ

၁။	ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	(၆)ဂိုး
၂။	နေမာ	ဘရာဇီး	(၄)ဂိုး
၃။	မက်ဆီ	အာဂျင်တီးနား	(၄)ဂိုး
၄။	မူလာ	ဂျာမနီ	(၄)ဂိုး

ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များရလဒ်

[၅ - ၇- ၂၀၁၄]

အာဂျင်တီးနား	၁ - ၀	ဘယ်လ်ဂျီယံ
ဟီဂူအင် (၇ မိနစ်)		

[၆ - ၇- ၂၀၁၄]

နယ်သာလန်	၀ - ၀	ကော်စတာရီကာ

ပင်နယ်တီ အဆုံးအဖြတ်တွင် နယ်သာလန်အသင်းက ကော်စတာရီကာကို လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ခိုင်မင်းဦး (ဘ)ဦးထွန်းဝေ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၅၃၇၇၂၀၁၂

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township. 09 8633 209 info@pac-bmw.com

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

မြစ်ရေတိုးသဖြင့် ရွှေ့ပြောင်းနွားအုပ်များ စားကျက်ရှား၍ နေရပ်ပြန်ရန်ပြင်ဆင်

အမရပူရ၊ ဇူလိုင် ၆

ဧရာဝတီမြစ်ရေတိုးလာပြီဖြစ်၍ မြေနုကျွန်းများ၊ မြစ်ရေဝင်ဒေသ ကိုင်းမြေကွင်းများသည် ရေနစ်မြုပ်စပြုလာပြီဖြစ်ရာ စားကျက်မြေများရှားပါးလာမှု၊ ယာယီအခြေစိုက်သည့် နွားခြံနေရာများတွင် ရေဝင်ရောက်မှုရှိလာခြင်းတို့ကြောင့် နွားမွေးမြူသူများအနေဖြင့် မိမိတို့နေရပ်သို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်နေကြပြီဖြစ်ကြောင်း သိရသည်။

နွားထိုးကြီး၊ တောင်သာ၊ ငါန်းဇွန် စသည့် မြို့နယ်များမှ နွားမွေးမြူသူများသည် နွေရာသီကာလတွင် အစာရေစာရှားပါးခြင်း၊ နွားများလွတ်ကျောင်းရန် စားကျက်မြေနည်းပါးခြင်းတို့ကြောင့် ဆောင်းသီးနှံရိတ်သိမ်းပြီးစီးတော့မည့် အမရပူရမြို့နယ်နှင့် မတ္တရာမြို့နယ်များရှိ မြစ်ရေဝင်ကိုင်းကျွန်းမြေများသို့ နွားအုပ်များ ပြောင်းရွှေ့လာလေ့ရှိသည်။

အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်း၊ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းရှိ တပ်ကြီး၊ သူငယ်တော်၊ မြင်းမှူးဆင်မြေစသည့် ကျေးရွာပိုင်ကွင်းများရှိ ကိုင်းမြေများနှင့် မတ္တရာမြို့နယ် အေးကျွန်း၊ သဲကျွန်း၊ ဖရဲကျွန်း၊ ပို၀၊ ရှင်လှ၊ သူရဲဇက် စသည့်ကျေးရွာများသို့ နွားအုပ်များနှင့်အတူ မိသားစုလိုက် ပြောင်းရွှေ့လာရောက်ကြကာ မြေယာပိုင်တောင်သူများထံ ခွင့်ပန်နားလည်မှုယူကာ ယာယီတဲများထိုးနေထိုင်၍ နွားကျောင်းလေ့ရှိကြသည်ဟု သိရသည်။

နွေရာသီကာလတွင် နွားထိုးကြီး၊ တောင်သာ၊ တံတားဦး၊ ငါန်းဇွန် စသည့်ဒေသများသည် ကုန်းတွင်းပိုင်း မိုးနည်းဒေသများဖြစ်၍ နွားအုပ်များကို လွှတ်ကျောင်းရန် အစာရေစာ ရှားပါးလေ့ရှိကာ ထိုကာလတွင် အမရပူရနှင့် မတ္တရာမြို့နယ်များရှိ မြစ်ရေဝင်ကိုင်းကျွန်းများနှင့် ရေဝင်ဒေသများသည် ဆောင်းသီးနှံများ စိုက်ပျိုးရိတ်သိမ်းစပြုလာသဖြင့် နွားအုပ်များကို လွှတ်ကျောင်းရန် စားကျက်မြေကျယ်ပြန့်ခြင်း၊ နွားများအတွက် အစာရေစာပေါ်များခြင်းကြောင့် နွားအုပ်များ လာရောက်လွှတ်ကျောင်းကြခြင်း ဖြစ်သည်ဟု သိရသည်။

“နွားအုပ်လာကျောင်းတဲ့သူတွေအများစုက ပိုင်ရှင်တွေတော့ မဟုတ်ကြဘူး။ မိသားစုလိုက် အငှားကျောင်းကြတဲ့ သူတွေပါ။ အစာရေစာ၊ နွားစားကျက်ကောင်းမယ့် နေရာမှာ သက်ဆိုင်ရာ တောင်သူဆီခွင့်ပန်ပြီး ယာယီတဲထိုးနေထိုင် နွားကျောင်းကြတယ်။ ဝါဆို၊ ဝါခေါင်ဆိုရင် မြစ်ရေတိုးလာပြီ။ မြစ်ရေတက်တော့ နွားကျောင်းတဲ့ ကိုင်းကျွန်း မြေတွေလည်း ရေမြုပ်စပြုလာတော့ စားကျက်က နည်းသွားပြီ။ နွားအုပ်တွေအတွက် နေစရာထားစရာလည်း ရှားသွားပြီ။ ဒီအချိန်ဆိုရင် သူတို့အရပ်မှာလည်း မိုးရွာစပြုပြီဆိုတော့ မြက်ပင်ချုံပင်တွေလည်း ပြန်ပေါက်ပြီ။ နွားတွေအတွက် အစာရေစာ ပေါ်စပြုလာပြီ။ ဒါကြောင့် တချို့နွားအုပ်တွေက ကိုယ့်အရပ်ကို ပြန်ကြတယ်။” ဟု ရှမ်းကလေးကျွန်းမှ တောင်သူတစ်ဦးက ပြောပြသည်။ နွားကျောင်းလာသူများသည် မိသားစု လေးဦးငါးဦးခန့် စုစည်း၍နေထိုင်ကြပြီး နွားအုပ်တစ်အုပ်လျှင် နွားသားပေါက်၊ နွားမစမ်း၊ နွားမကြီး၊ နွားသိုး စသည့် နွားအရွယ်စုံ ကောင်ရေ ၅၀ မှ ၁၅၀ အထိ ပါရှိကြကြောင်း သိရသည်။

နန္ဒာမင်းလွင်

ကျောက်ထုမြို့နယ်(ခွဲ)တွင် စီမံကိန်းတာဝန်ပေးအပ်

ကျောက်ထု၊ ဇူလိုင် ၆

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်(ခွဲ)တွင် ဇွန် ၃၀ ရက်က ဒေသန္တရ စီမံကိန်းတာဝန်ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်(ခွဲ) အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သိရသည်။

(၄၆၅)

ပြည်သူ့ဆေးရုံ၌ တိုးချဲ့လူနာဆောင် ဆောက်လုပ်

ဝက်လက်၊ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့ ပြည်သူ့ဆေးရုံတွင် အမျိုးသားနှင့် အမျိုးသမီး တိုးချဲ့လူနာဆောင် နှစ်ဆောင်ကို ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၉၀ ဖြင့် ဆောက်လုပ်နေကြောင်း သိရသည်။

တိုးချဲ့လူနာဆောင် တစ်ဆောင်စီမှာ အလျား ၅၂ ပေ ၆ လက်မ၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၄ ပေစီရှိပြီး သာထက်သာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါ လူနာဆောင်များ ဆောက်လုပ်ပြီးစီးပါက ဆေးရုံသို့ လာရောက်ကုသသော လူနာများ အဆင်ပြေစွာ ဆေးဝါး ကုသမှုခံယူနိုင်မည် ဖြစ်သည်။

ထို့အပြင် အလျား ၇၂ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၁ ပေ လေးခန်းတွဲဝန်ထမ်းအိမ်ရာကိုလည်း ရန်ပုံငွေကျပ် ၄၉၃ သိန်းဖြင့် ၎င်းဆေးရုံဝင်းအတွင်း ယင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

နန်းမြင့်(ပြန်/ဆက်)

ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်များနှင့် သက်ဆိုင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်အား ဒုတိယအကြိမ်လွှဲပြောင်းပေးအပ်

ဘားအံ၊ ဇူလိုင် ၆

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီမှ ပြန်လည်စွန့်လွှတ်သည့်မြေများကို မူလပိုင်ရှင်များနှင့် သက်ဆိုင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်များပေးအပ်ခြင်း ဒုတိယအကြိမ် ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ကရင်ပြည်နယ်၊ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇူလိုင် ၂ ရက်တွင် ကျင်းပခဲ့သည်။

ပြန်လည်စွန့်လွှတ်အပ်နှံမည့် တပ်ရင်းတပ်ဖွဲ့သုံးဖွဲ့မှ တာဝန်ရှိသူကိုယ်စားလှယ်များက လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ တပ်မြေပြင်ပ စိုက်ပျိုးမြေများအား နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ မြေယာများပြန်လည်စွန့်လွှတ်အပ်နှံမှုကို ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများဖြစ်သော ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့မှ လက်ခံဆောင်ရွက်ခဲ့သည်။

ယင်းအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁၁၀) ခြေမြန်တပ်ရင်းမှ ဘားအံမြို့နယ် ကော့စိန်ဘန်အောက်ကျေးရွာအုပ်စုရှိ တပ်မြေပြင်ပ စိုက်ပျိုးမြေ ၄၉ ဒသမ ၅၇ ဧကအား ကော့စိန်ဘန်အောက်ကျေးရွာမှ မူလပိုင်ရှင်တောင်သူ ၁၈ ဦးထံ ယာယီလုပ်ကိုင်ခွင့်များ ပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ခဲ့ရာ တောင်သူများကိုယ်စား ကော့စိန်ဘန်အောက်ကျေးရွာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌမှလက်ခံ၍လည်းကောင်း၊ အမှတ်(၁၁၀) ခြေမြန်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေ ၅၀ ဧကအား နောင်လုံအရှေ့ကျေးရွာမှ မူလပိုင်ရှင် တောင်သူ ၃၁ ဦးကို ယာယီလုပ်ကိုင်ခွင့်များ ပေးအပ်ရာ တောင်သူများကိုယ်စား နောင်လုံအရှေ့ကျေးရွာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌမှ လက်ခံဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက စစ်ဘက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့(ကျုံဒိုး)မှ ပြန်လည်စွန့်လွှတ်အပ်နှံမြေ ၂၂ ဒသမ ဝ၆ ဧကအား ဒေါဖျာကျေးရွာမှ မူလပိုင်ရှင်တောင်သူ သုံးဦးထံ ယာယီလုပ်ကိုင်ခွင့်များ ပေးအပ်ခဲ့ရာ ဒေါဖျာကျေးရွာ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌမှ တောင်သူများကိုယ်စား လက်ခံဆောင်ရွက်ခဲ့သည်။

ယင်းနောက် ကရင်ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးနိုင်အောင်က အမှတ်(၂၇၅) ခြေလျင်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေ ၃၂ ဧကအား မြဝတီမြို့၊ အမှတ်(၅) ရပ်ကွက်မှ မူလပိုင်ရှင်တောင်သူ ၂၁ ဦးအား ယာယီလုပ်ကိုင်ခွင့်များပေးအပ်ခဲ့ရာ တောင်သူများကိုယ်စား မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဥက္ကဋ္ဌ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်က တောင်သူများမှ မိမိတို့ပြန်လည်ရရှိသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်အောင် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာများဖြင့် စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းလည်း မြင့်မားလာနိုင်မည်ဖြစ်ကာ မိမိအကျိုးစီးပွားနှင့် တိုင်းပြည်အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း တောင်သူလယ်သမားများ စိုက်ပျိုးရေးပိုမိုလုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးပြီး အားပေးကူညီလျက်ရှိကြောင်း တောင်သူများအား ပြောကြားခဲ့သည်။

ထွန်းထွန်းထွေး(ဘားအံ)



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း(၂၄)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၉-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ဆေးဂိုဒေါင်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း

(ခ) စာသင်ခန်းမအကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း

(ဂ) O_2 Plant ထားရှိရန် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၇-၇-၂၀၁၄(တနင်္လာနေ့)

အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄(ကြာသပတေးနေ့) ၁၆း၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်လုပ်မည့် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဥတ္တရသီရိခရိုင် ဦးစီးဌာနမှူးရုံးနှင့် မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဝန်ထမ်းအိမ်ရာများအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၇-၂၀၁၄

တင်ဒါပိတ်မည့်ရက် - ၇-၈-၂၀၁၄

တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်
စီမံရေးရာဌာနခွဲ၊ ဖုန်းအမှတ် ၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆

ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ်၊ ၉လွှာ၊ Pent house၊ ပေ(၄၈×၇၃)၊ Sqft -3504, 1MB,1B, 2A/C, ပါကေးခင်း၊ Lift.

Ph:09-5160778, 09-5089945

ဘာသာရေးဆောင်းပါး

မြန်မာ့ဓလေ့နှင့်ဗုဒ္ဓအဆုံးအမ

à 0;Difvjyfm;rm;auvgf

မြန်မာ့ဓလေ့ဟုဆိုလာလျှင် မြန်မာပီပီ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို မိမိတွေ့ကြုံ ဆုံခဲ့မှတ်သားခဲ့သမျှ စိတ်ကူးထဲတွင် အမျိုးမျိုးအဖုံဖုံ ပုံဖော်ကြည့်မိပြီးသားဖြစ်နေပါလိမ့်မည်။ စာရေးသူမှာလည်း ဗုဒ္ဓဘာသာဝင်ပီပီ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ဆိုဆုံးမမှုများကို မြင်ယောင်မိသောအခါ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သတ္တဝါများအပေါ် သနားကရုဏာထားတော်မူပြီး လမ်းညွှန်ဆုံးမ ဟောကြားတော်မူခဲ့သည်များထဲမှ နေ့စဉ် နိစ္စဓူဝ ပြုမူကျင့်ကြံမှုများထဲတွင် လူငယ်မောင်မယ်များအတွက် ဖော်ပြရေးသားချင်စရာလေးများ တွေ့မြင်မိလာပါသည်။

ကျွန်တော်တို့သည် လူ့ဘောင်လောက၌ ကျင်လည်ကျက်စားရာတွင် ယဉ်ကျေးသိမ်မွေ့ စည်းကမ်းကောင်းမွန်သော လူတစ်လုံးသူတစ်လုံး ဖြစ်လာစေရန် လက်ဦးဆရာများက သွန်သင်ဆုံးမခဲ့သည်ဆိုလျှင် မှားမည်မဟုတ်ပါ။

အိမ်မှာဆို အိမ်စည်းကမ်း၊ ကျောင်းမှာဆို ကျောင်းစည်းကမ်းမှသည် နိုင်ငံတစ်နိုင်ငံ ဘာသာတစ်ခုသည်ပင်လျှင် လိုက်နာစောင့်ထိန်း ကျင့်ကြံရမည့် စည်းကမ်းများ ဓလေ့များ အကျင့်မြတ် အကျင့်ကောင်းများရှိပါသည်။ မိမိ၏အိမ်တွင်ပင် လူကြီးသူမများရှေ့တွင် မလုပ်ထိုက် မလုပ်အပ်သည်များ ရှောင်ကြဉ်ရမည်များကို မိဘများက သွန်သင်ဆုံးမ ပြသပေးသည်။ ထို့နည်းတူ ကျောင်းနေအရွယ်ရောက်ရှိ၍ ဆရာ၊ ဆရာမများရှေ့တွင် မည်သို့ နေထိုင်ပြောဆိုရမည်ကို ဆရာများက လမ်းညွှန်သွန်သင်ကြသည်။ ဘုန်းတော်ကြီးသင် ကျောင်းများတွင်လည်းကောင်း၊ နွေရာသီ ယဉ်ကျေးလိမ္မာ သင်တန်းနှင့် ဓမ္မစကူးများတွင်လည်းကောင်း ဗုဒ္ဓဘာသာဝင်တစ်ဦး လိုက်နာ စောင့်ထိန်းရမည့် စည်းကမ်းနည်းနာများကို သင်တန်းနည်းပြ ဆရာတော်များနှင့် ဆရာများက သင်ကြားပြသပေးခဲ့ကြပါသည်။

'လူမှုစည်းကမ်းအစ စာသင်ကျောင်းက'ဟု ဆိုသည့်အတိုင်း လူငယ်မောင်မယ်တို့သည် ဆရာ၊ ဆရာမများ၏ လမ်းညွှန်ပြသမှုဖြင့် ယဉ်ကျေးသိမ်မွေ့ စည်းကမ်းကောင်းမွန်သော လူငယ်ကလေးများအဖြစ်မှ လူမှုအသိုက်အဝန်းသို့ ဝန်ဆံ့လာကြသည်။ မိမိအား သင်ကြားပြသပေးသော ဆရာ၊ ဆရာမ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ တွေ့ဆုံကြုံဆုံသည့် အခါများတွင် လက်အုပ်ချီလျက် 'မင်္ဂလာပါဆရာ၊ ဆရာမ' ဟု အရိုအသေပြု နှုတ်ဆက်တတ်သော ကောင်းမွန်သည့် အမူအကျင့်ကောင်းကို စာသင်ကျောင်းများမှသည် သန္ဓေတည် မွေးဖွားလာခဲ့ပါသည်။ မိမိရပ်ရွာအတွင်း၌ဖြစ်စေ ခရီးသွားဟန်လွှဲဖြစ်စေ ကျောင်းဆရာ၊ ဆရာမများနှင့် ဆုံတွေ့ကြုံကြိုက်လာပါက ရိုသေလေးစားမှု သရုပ်ကိုပြသခြင်း၊ ကူညီဖေးမ ဆောင်ရွက်ပေးရန်ရှိပါကလည်း ရှောင်လွှဲမနေ လူရောစိတ်ပါ ကူညီပေးတတ်ကြပါသည်။ ဤသည်ကား မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အကောင်းဆုံး ပြယုဂ်တစ်ခုပင်ဖြစ်သည်။

ညွတ်ခြင်းသည် စောင့်စည်းခြင်း၊ စောင့်ထိန်းခြင်းဖြစ်သဖြင့် သီလမည်ကြောင်း မြတ်စွာဘုရားရှင်သည် ညွှန်ပြဆုံးမခဲ့ပါသည်။

အသက်အရွယ် အားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း၊ သီလအားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း၊ သိက္ခာအားဖြင့်လည်းကောင်း ကြီးမြတ်သူများနှင့် ဆုံတွေ့ပါက မည်သို့ ရိုသေလေးစားကိုင်းညွတ်ခြင်းပြုရမည်ကို မေးစရာရှိလာပါသည်။

စကားပြောဆိုသောအခါ ကြမ်းတမ်းသော၊ ခက်ထန်သော၊ အရိုအသေတန်သော စကားများအား ပြောဆိုခြင်းမှ ရှောင်ရှားခြင်း၊ မထီလေးစား မချေမငံ ဆက်ဆံပြောဆိုခြင်းတို့ မပြုမူဘဲ စောင့်ထိန်းခြင်းနှင့် စကားပြောဆိုသောအခါ အော်ကြီးဟစ်ကျယ် ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ခြင်းသည် နှုတ်အမူအရာ

> **အမြင်မတင့်တယ်သော အဝတ်အစားများအား ဝတ်စားဆင်ယင်ခြင်းစသည်ဖြင့် ပြုမူနေထိုင်ခြင်းများမှ ရှောင်ကြဉ်ခြင်း. . . . . . .**

အဆိုပါ ကိုယ်အမူအရာ နှုတ်အမူအရာ အကျင့်ကောင်းများ၏အစကို လေ့လာကြည့်လျှင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားတော်၏ ပုညကိရိယာဝတ္ထုဆယ်ပါးမှ တစ်ပါး အပါအဝင်ဖြစ်သော 'အပစာယန' အကျင့်မြတ်အား စောင့်ထိန်းခြင်းပင်ဖြစ်သည်ကို တွေ့ရှိရပါသည်။ 'အပစာယန' အကျင့်မြတ်အကြောင်းကို လေ့လာကြည့်လျှင် အသက်အရွယ်အားဖြင့်လည်းကောင်း၊ ဉာဏ်ပညာအားဖြင့်လည်းကောင်း၊ သီလအားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း၊ သိက္ခာအားဖြင့်လည်းကောင်း ကြီးမြတ်သူအား ရိုသေလေးစား ကိုင်းညွတ်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ ပုဂ္ဂိုလ်များနှင့် ဆုံတွေ့သောအခါ ကိုယ်အမူအရာအားဖြင့်လည်းကောင်း၊ နှုတ်အမူအရာအားဖြင့်လည်းကောင်း ရိုသေလေးစား ကိုင်း စောင့်ထိန်းခြင်း မည်ပါသည်။

လူကြီးသူမများရှေ့တွင် ခြေထောက်ချိတ်၍ထိုင်ခြင်း၊ ဒူးပေါ်ပေါင်ပေါ် အမြင်မတင့်တယ်စွာနေထိုင်ခြင်း၊ ခြေဆန့် လက်ဆန့်နေထိုင်ခြင်း၊ မျက်နှာအမူအရာ ခက်ထန်ခြင်း၊ မျက်နှာထားအား မဲ့ကာရွဲ့ကာဖြင့် အရိုအသေတန်ခြင်း၊ ကိုယ့်အိမ်အတွင်းမှာပဲဟု စိတ်ပေါ့ပေါ့ထားကာ လူကြီးသူမများရှိသော်လည်း အကျီကျွတ်ဖြင့်နေခြင်း၊ အသက်အရွယ်၊ ဉာဏ်ပညာ၊ ဂုဏ်သိက္ခာ၊ သီလအားဖြင့် ကြီးမြတ်သူတို့နှင့် တွေ့ဆုံရန် အကြောင်းရှိသောအခါ အမြင်မတင့်တယ်သော အဝတ်အစားများအား ဝတ်စားဆင်ယင်ခြင်းစသည်ဖြင့် ပြုမူနေထိုင်ခြင်းများမှ ရှောင်ကြဉ်ခြင်းသည် ကိုယ်အမူအရာအားဖြင့် စောင့်စည်း စောင့်ထိန်းခြင်း ဖြစ်ပါသည်။

မည်သို့မည်ပုံ စောင့်ထိန်းရကြောင်း စာရေးသူ၏ မိဘနှင့် ဆရာများက သွင်သင်မှုကို နမူနာထား မျှဝေပါသည်။ မိမိ၏ အိမ်ဦးဘုရားခန်း၌ ဆွမ်းတော်ဆက်ကပ်လျှင် လည်းကောင်း၊ ဘုရားဝတ်ပြုလျှင်လည်းကောင်း၊ ဘုရားခန်းမှ ဖြတ်လျှောက်သော အခါများတွင်လည်းကောင်း မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သက်ရှိထင်ရှား ကြွရောက်တော်မူနေသည်ဟု စိတ်မှသတိကပ်၍ ကိုယ်အမူအရာ နှုတ်အမူအရာများကို စောင့်စည်း စောင့်ထိန်းရပါမည်။

ထိုကဲ့သို့ ကိုယ်နှုတ်အမူအရာ စောင့်ထိန်ခြင်းကို သိရှိသည်ဖြစ်စေ မသိရှိသေးသည်ဖြစ်စေ တစ်စုံတစ်ဦးက လိုက်နာစောင့်ထိန်းနေသည်ကို မြင်တွေ့ခဲ့လျှင် နှစ်လိုဖွယ်ရာကောင်းသော၊ စိတ်ချမ်းမြေ့ဖွယ်ကောင်းသော၊ ယဉ်ကျေးသိမ်မွေ့သော၊ လူအများလေးစား ယုံကြည်ထိုက်သူတစ်ဦးအဖြစ် အားလုံးက လက်ခံကြပါလိမ့်မည်ဟု မလွဲဧကန် ယုံကြည်ပါသည်။

ယခုခေတ်အခါတွင် လူငယ်အများစုသည် ကိုယ်အမူအရာ နှုတ်အမူအရာ စောင့်စည်း စောင့်ထိန်းခြင်းများ တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ မသိရှိ၍လည်းကောင်း၊ သွန်သင်ပဲ့ပြင် ဆိုဆုံးမရာ၌ အသေးစိတ် လိုက်နာရမည်များကို ပြောပြညွှန်ပြခြင်း အားနည်း၍လည်းကောင်း ဖြစ်နိုင်ပါသည်။ 'အပစာယန' ဟူသည် လိုက်နာကျင့်ကြံအားထုတ်ပါက ကုသိုလ်အရာတွင် အမြတ်ဆုံးကုသိုလ် မဟာကုသိုလ် မြောက်ပါသည်။ မစောင့်ထိန်းခင် သတိမူရခြင်း၊ စောင့်ထိန်းစဉ် မကျိုးမပေါက်စေရန် ဆင်ခြင်ရခြင်းနှင့် တစ်ခါဆောင်ရွက်ထိန်းသိမ်းသည်နှင့်မပြီး အမြဲမပြတ် ဝတ်ထား၍ စောင့်စည်း စောင့်ထိန်းရသဖြင့် မဟာကုသိုလ် အမြတ်ဆုံးသီလကုသိုလ်မြောက်ရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် လူငယ်မောင်မယ်များအား ဗုဒ္ဓမြတ်စွာ ဆိုဆုံးမခဲ့သည့် ကုသိုလ်တော်မြတ် တစ်နည်း မြန်မာတို့၏ ချစ်ခင်မြတ်နိုး လေးစားဖွယ်ကောင်းသော ဓလေ့များကို သိရှိလိုက်နာ ကျင့်ကြံနိုင်စေရန်' အပစာယနသီလတော်မြတ်ကိုသိရှိပြီး ပွားများနိုင်စေရန် စေတနာထား ရေးသားလိုက်ရပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁) မဲဆန္ဒနယ်မြေ လွှတ်တော်ကိုယ်စားလှယ်ဦးမင်းသိမ်းထွန်း ဦးဆောင်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတား အင်ဂျင်နီယာဌာန၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီ အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရပ်ကွက်အတွင်းပျက်စီးနေသော လမ်းများ၊ ပိတ်ဆို့လျက်ရှိနေသော ရေထွက်မြောင်းများအား သွားလာလွယ်ကူချောမွေ့စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ဇူလိုင် ၄ ရက် နံနက်က ရပ်ကွက်အတွင်းဆောင်ရွက်ကြပြီးအမှတ်(၁)ရပ်ကွက် (၁)လမ်းမကြီး မြို့သစ်အတွင်း အကျယ် ၁၈ ပေ၊ ထုထည် ရှစ်လက်မနှင့်လမ်းမ အရှည်ပေ ၆၀၀ ကျော်သည့် ကွန်ကရစ်လမ်းခင်းကျင်းခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- ညီညီ(သမိုင်း)

စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးပြုလုပ်

ကော့သောင်း၊ ဇူလိုင် ၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းအဖြစ် နိုင်ငံနှင့်အဝှမ်း စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပေးခြင်း၊ အများပြည်သူလူစည်ကားရာနေရာများတွင် စာပေရေချမ်းစင်များ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ နံရံကပ် စာပေရေချမ်းစင်များ ချိတ်ဆွဲထားရှိပေးခြင်းဖြင့် အများပြည်သူစာဖတ်ခြင်း အလေ့အထတိုးပွားလာစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် စာဖတ်ရှိန်မြှင့်တက်လာရေး ရည်ရွယ်ချက်ဖြင့် ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်/ဆက်ဦးစီးဌာနမှကော့သောင်းမြို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲတစ်ရပ် ကျင်းပပြုလုပ်သည်။

ဟောပြောပွဲတွင် ကော့သောင်းခရိုင်၊ ပြန်/ဆက်ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိဒေါ်ကြင်ကြင်သန်းက ငယ်ရွယ်သူအမျိုးသမီးကလေးများ စာပေလေ့လာဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာရေး၊ စာပေမှရရှိသည့် အကျိုးကျေးဇူးများ၊ စာပေဖတ်ရှုခြင်းဖြင့် အမှားအမှန် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်သည့် ဆင်ခြင်တုံတရား ရင့်သန်ခိုင်မာလာရေးရည်ရွယ်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ စာပေဖတ်ရှုကြစို့ ခေါင်းစဉ်ဖြင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသူများအား စာဖတ်ရှိန်မြှင့်တက်လာရေးအသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။ **ကျော်စိုး(ကော့သောင်း)**



ကျောင်းသား၊ ကျောင်းသူများ အိုင်တီအသိပညာများ တိုးပွားစေရန် သထုံကွန်ပျူတာတက္ကသိုလ်နှင့် မွန်ပြည်နယ်ကွန်ပျူတာပညာရှင်အသင်းတို့မှ အဖွဲ့လိုက် အိုင်တီဉာဏ်စမ်းယှဉ်ပြိုင်

သထုံ၊ ဇူလိုင် ၆

ကျောင်းသား၊ ကျောင်းသူများ အိုင်တီအသိပညာများ တိုးပွားစေနိုင်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်(သထုံ)နှင့် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းကာ (MCPA Quitz) အဖွဲ့လိုက် အိုင်တီဉာဏ်စမ်းပြိုင်ပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက ကွန်ပျူတာ တက္ကသိုလ်(သထုံ)၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးနှင့် ပြည်နယ် ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ပြိုင်ပွဲကျင်းပပေးရခြင်းနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။

မော်ကွန်းထိန်း ဆရာ ဦးဝင်းဗိုလ်က ပြိုင်ပွဲစည်းမျဉ်းများကို ရှင်းလင်းကာ ပြိုင်ပွဲကို စတင်သည်။

အဆိုပါပြိုင်ပွဲတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)ရှိ ပထမနှစ်မှ ဂုဏ်ထူးတန်းအထိ တစ်ဖွဲ့လျှင် သုံးဦးနှုန်းဖြင့် ကျောင်းသားကျောင်းသူ ၁၆ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပင်မအိုင်တီဉာဏ်စမ်း မေးခွန်း ၂၀ ခု ၏ ရရှိသောအမှတ်များအလိုက် ဆုများရွေးချယ်ကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ပြည်နယ်ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီးနှင့် မော်ကွန်းထိန်းတို့က ဆုများချီးမြှင့်ပေးကြသည်။

ယခုပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် ကျင်းပလျက်ရှိပြီး ဆုရရှိကြသူများအား မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းမှ ဩဂုတ် ၂ ရက်တွင် ရန်ကုန်၌ ကျင်းပမည့် ဗဟိုအဆင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

ရှမ်းပြည်နယ်တွင် နှစ်ဝက်အတွင်း ယာဉ်တိုက်မှု ၂၆၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄၂ ဦးထိရှိ

လားရှိုး၊ ဇူလိုင် ၆

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းပိုင်းတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း ယာဉ်မတော်တဆမှု ၂၆၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄၂ ဦး၊ ဒဏ်ရာရရှိသူ ၃၇၂ ဦးရှိခဲ့ရာ သေဆုံးမှု ပိုမိုများပြားလာခဲ့ကြောင်း လားရှိုးယာဉ်ထိန်းရုံး မှတ်တမ်းများအရ သိရသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်ထိ ယာဉ်မတော်တဆမှုများအတွင်း မော်တော်ယာဉ်ကြောင့်ဖြစ်ပွားမှု ၈၆ တွင် သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၁၄၂ ဦး၊ မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှု ၁၁၀ မှုတွင် သေဆုံးသူ ၅၇ ဦး၊ ဒဏ်ရာရရှိသူ ၁၅၆ ဦး၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ကြောင့်ဖြစ်ပွားမှု ၆၀ တွင် သေဆုံးသူ ၃၃ ဦး ဒဏ်ရာရရှိသူ ၆၇ ဦးနှင့် အခြားဖြစ်ပွားမှု ၁၀ မှုတွင် သေဆုံးသူလေးဦး၊ ဒဏ်ရာရရှိသူခုနစ်ဦး အသီးသီးဖြစ်ပွားခဲ့သဖြင့် ၂၀၁၃ ခုနှစ် ပထမနှစ်ဝက်ထက် သေဆုံးမှုပိုမိုမြင့်တက်လာကြောင်း ယင်းမှတ်တမ်းများအရ သိရသည်။

လားရှိုး ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး ကျောင်းများ၊ ယာဉ်မောင်းသင်တန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရှမ်းဘာသာ၊ တရုတ်ဘာသာများဖြင့် လက်ကမ်းစာစောင်များဝေ၍ ပညာပေးခြင်းများကို ဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကားတွေက များလာတဲ့အပြင် လမ်းတွေကကျဉ်းတော့ ကျော်တက်ရင်း ကားတွေ ဆိုင်ကယ်တွေနဲ့ တိုက်မိတာတွေကများတယ်။ ကားတွေကော ဆိုင်ကယ်တွေပါ ကျော်တက်ရင် အကွေ့အကောက်တွေမှာ မကျော်ဘဲ လမ်းမြင်ကွင်းရှင်းမှ ကျော်တက်တာကောင်းပါတယ်။

" ပြီးတော့ ယာဉ်မောင်းတွေက အချက်ပြမီးတွေသုံးပြီးလမ်းကြောင်းရှင်း၊ မရှင်း တစ်ဦးနဲ့တစ်ဦးကူညီသင့်သလို၊ အကွေ့တွေ ကွေ့ရင်လည်း အရှိန်လျှော့ မောင်းသင့်တယ်"ဟု အဆိုပါလမ်းကြောင်းတွင် မောင်းနှင်နေသည့် ယာဉ်မောင်းတစ်ဦးက အကြံ ပြုပြောသည်။

အဆိုပါ ရှမ်းပြည်မြောက်ပိုင်း လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများကြောင့် ၂၀၁၂ ခုနှစ်အတွင်း ၁၉၁ ဦး၊ ၂၀၁၃ ခုနှစ်အတွင်း ၁၉၃ ဦး၊ ၂၀၁၄ ခုနှစ် နှစ်ဝက်အတွင်း ၁၄၂ ဦး အသက်ဆုံးရှုံးမှုများ ရှိခဲ့သည့်အတွက် ပညာပေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်သည့်အပြင် ယာဉ်မောင်းများအနေဖြင့်လည်း အထူးဂရုပြုရန်လိုအပ်နေကြောင်း သိရသည်။ **ကိုနေ**

လူမှုဖူလုံရေးဆေးခန်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် တင်ပြ

ရန်ကုန်၊ ဇူလိုင် ၆

နိုင်ငံအတွင်းရှိလူမှုဖူလုံရေး ဆေးရုံဆေးခန်းဆယ်ခုအား နိုင်ငံတကာအဆင့်မီ နည်းပညာများဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထိုသို့ နိုင်ငံတကာအဆင့်မီ နည်းပညာများ ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံခြားပညာရှင်များနှင့် ပူးပေါင်း၍ အဆင်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ပြထားကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်မှသိရသည်။

"မြန်မာနိုင်ငံသားတွေအနေနဲ့ နိုင်ငံခြားသွားပြီးဆေးကုသနေရတာတွေရှိနေတော့ ကုန်ကျစရိတ် များကြတယ်။ အဲဒါကို ပြည်တွင်းမှာတင်နိုင်ငံတကာအဆင့်မီ ကုသနိုင်အောင် အဲဒီစနစ်ကိုလုပ်ဆောင်မှာပါ။ ပထမ တင်ပြထားတုန်းက ဆေးရုံဆေးခန်းတွေကို ပေါင်းပြီးတင်ပြထားတာ၊ အခုတော့ တစ်ခုချင်းစီပြန်ခွဲပြီးတင်ပြထားတယ်" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်က ပြောသည်။

အဆိုပါ ဆေးရုံဆေးခန်းများမှာ ရန်ကုန်အလုပ်သမားဆေးရုံကြီး၊ မန္တလေးအလုပ်သမားဆေးရုံကြီး၊ ထန်းတပင်ဆေးရုံနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးဆေးခန်းများပါဝင်ကြောင်းသိရသည်။ ယခုလို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံများ ပြန်လည်ပြုပြင်ခြင်း၊ ပြင်ပမှ ဝန်ထမ်းများငှားရမ်းရန်နိုင်ငံခြားပညာရှင်များက နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများကို သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

နိုင်ငံတစ်ဝှမ်း လူမှုဖူလုံရေးဆေးရုံသုံးရုံနှင့် လူမှုဖူလုံရေးဆေးခန်း ၉၂ ခန်းရှိပြီး လက်ရှိအချိန်တွင် အဆိုပါ ဆေးရုံနှင့် ဆေးခန်း ၂၃ ခန်း၌ ပြင်ပမှ ဆရာဝန်များငှားရမ်းကာ အသုံးပြုနေရကြောင်း သိရသည်။

ထို့ပြင် လူမှုဖူလုံရေး အာမခံစနစ်ထားရှိသူများ ဆေးကုသခွင့်ခံယူနိုင်ရန် ပုဂ္ဂလိကဆေးရုံများနှင့် စာချုပ် ဆေးရုံစနစ် စမ်းသပ်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ဌာနမှထုတ်ပြန်ချက် အရသိရသည်။ **တင်မောင်ဦး**

Silver Song Travels & Tours Co.,Ltd.မှ ဝါဆိုလပြည့်နေ့
အထူးခရီးစဉ် **Ph:01-2304255, 09-73257907**
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (၂ ညအိပ် - ၃ ရက်) July 10, July 18
- ဇလွန်(ပြည်တော်ပြန်)၊ လမ်းဘုရားစုံ(နေ့ချင်းပြန်) July 11, July 19
- ပြည်ဘုရားစုံ(နေ့ချင်းပြန်) July 10, July 19
- နေပြည်တော်(ဗုဒ္ဓဂါယာ) (၁ ညအိပ် - ၂ ရက်) July 11, July 19
- တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ
- ပဲခူး၊ မော်လမြိုင်၊ ဖားအံ၊ သထုံ
- ချောင်းသာ
- ငွေဆောင်

မိသားစု၊ အသင်းအဖွဲ့၊ ကုမ္ပဏီများအတွက် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။

ငှားရန်ရှိသည်

ဗညားဒလလမ်းမပေါ်
ပေ(၄၀ × ၉၀)မြေညီဂိုဒေါင်
Ph:09-5007787, 09-73186677

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်းရှိ တိုက်ခန်းများနှင့် ငမိုးရိပ်(၆)လမ်းရှိ မြေညီထပ် (အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်)
Ph:09-5401011, 09-73095677



ဦးကျော်လွင် (ဘ)ဦးချို[၁၂/ဒပန(နိုင်)၀၄၆၅၂၈]၏ ဆွေမျိုးသားချင်းများ အမြန်ဆက်သွယ်ပါရန်

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်အုပ်စု၊ ပဲရွာသဲကျွန်းနယ်မြေ(၂)၊ ပြည်လုံးချမ်းသာဘုရားလမ်း၊ အိမ်အမှတ်-၂/၁၀၃ တွင် ငှားရမ်းနေထိုင်သူ ဦးကျော်လွင် (ဖခင်အမည်) ဦးချို[၁၂/ဒပန(နိုင်)၀၄၆၅၂၈]ကိုင်ဆောင်သူသည် ၁၈-၆-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးများအား သိစေအပ်ပါသည်။

ဦးကျော်လွင် ပိုင်ဆိုင်ခဲ့သော အသုံးအဆောင်ပစ္စည်းများအား အိမ်ရှင်မိသားစုမှ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားပြီး ကြော်ငြာထည့်သည့်နေ့မှ (၃)လအတွင်း အထက်ပါလိပ်စာသို့ ခိုင်လုံသောအထောက်အထားဖြင့် လာရောက် ယူငင်နိုင်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ (၃)လအတွင်း လူကိုယ်တိုင် သော်လည်းကောင်း၊ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ မဆက်သွယ်လာပါက ဦးကျော်လွင်အတွက် ရည်စူး၍ ဗုဒ္ဓဘာသာဓလေ့ထုံးစံအရ လှူဒါန်း၍ အမျှအတမ်း ပေးဝေမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

စောင့်ရှောက်ထားသူမိသားစု
Ph:09-420719919

စစ်ကိုင်းကမာကူရဂျပန်ဘုရားကြီး၏ နေကဇာတင်လှူပွဲ စည်ကားစွာ ကျင်းပမည်

စစ်ကိုင်း၊ ဇူလိုင် ၆

စစ်ကိုင်းမြို့မှ နာမည်ကျော်ရှုခင်းသာဖြစ်သည့် သမိုင်းဝင် ရွှေတောင်ဦးမော် ဘုရားတောင်တော်ရင်ပြင်၊ ဧတဒဂ် ကုန်းမြေပေါ်တွင် တည်ထားသည့် ကမာကူရ ဂျပန်ဘုရားကြီး၏ အနေကဇာတင်လှူပူဇော်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၄ ရက်အထိ ကိုးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်စီစဉ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ၊ ကမာကူရအရပ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၇၅၀ ကျော်(အေဒီ-၁၂၅၂) က ဂျပန်အမတ်စစ်သူကြီး၏ ဇနီး အိနာဒါနိုဆူဘိုနဲနှင့် ဘုန်းတော်ကြီးတစ်ပါးတို့ တည်ထားကိုးကွယ်ခဲ့ကြသည့် နာမည်ကျော် ကမာကူရ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ပုံစံတူဘုရားကြီးကို မြန်မာပြည်သူပြည်သားများ ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ရွှေတောင်ဦးမော် ဆရာတော်ကြီးက ဦးဆောင်တည်ထားတော်မူခဲ့ခြင်း ဖြစ်သည်။

ကမာကူရ ဂျပန်ဘုရားကြီးကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တည်ထားခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော် ၃၁ ပေရှိကြောင်း၊ ကျပ်ငွေသိန်းလေးရာကျော် အကုန်အကျခံကာ တည်ထားခဲ့ခြင်းဖြစ်ပြီး ကမာကူရဂျပန်ဘုရားကြီးနှင့်တကွ ဧတဒဂ်ကုန်းတော်ရင်ပြင်တော်တွင် ကြွေပြားများ ခင်းခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အနေကဇာတင်ခြင်းကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဂျပန်မှာရှိတဲ့ ကမာကူရဘုရားကြီးကတော့ ဉာဏ်တော် ၄၄ ပေ၊ ကြေးအချိန် ၁၂၁ တန်နဲ့ သွန်းလုပ်ထားတဲ့ ကြေးဆင်းတုတော်ကြီးပါ။ ဂျပန်နိုင်ငံသူ နိုင်ငံသားတွေက ဂုဏ်ယူကြသလို ဂျပန်နိုင်ငံကို ရောက်ရှိတဲ့သူတိုင်း ဘုရားကြီးကို မဖြစ်မနေသွားဖူးကြတယ်။ ဂျပန်တွေက "ကမာကူရဒိုင်ဘွတ်စု"(ကမာကူရမှာရှိတဲ့ဘုရားကြီး)လို့ ခေါ်ကြတယ်။ မြန်မာနိုင်ငံသူနိုင်ငံသားတွေ ဖူးမြော်ကြည်ညိုနိုင်ကြအောင် နာမည်ကျော်ရှုမျှော်ခင်းကုန်းတော်ပေါ်မှာ ပုံစံတူ တည်ထားခဲ့တာပါ။ ဘုရားကြီးကို ပုံစံထုတ်ပေးခဲ့တာ ပန်းပုဆရာ ဦးစိုးအောင်ပါ"ဟု ဆရာတော်ဦးပညာနန္ဒက မိန့်ကြားသည်။

ကမာကူရဂျပန်ဘုရားကြီး၏ အနေကဇာတင်လှူပူဇော်ပွဲတွင် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသနှင့် ဒွာဒသမတိပိဋကဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသတို့၏ တရားပွဲများကျင်းပခြင်း၊ ပင့်သံဃာ ၁၀၈ ပါးတို့အား မဟာသံဃိကဒါနဝတ္ထုများ ဆက်ကပ်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ညစဉ် ဓမ္မစကြာဝတ်အသင်းများဖြင့် ဝတ်တက်ပူဇော်ခြင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ကမာကူရဂျပန်ဘုရားကြီး တည်ထားရာ ဧတဒဂ်ကုန်းတော်သည် နာမည်ကျော်၊ ရှုခင်းသာဖြစ်သည့် ရွှေတောင်ဦးမော် ဘုရားတောင်တော်၏ အစိတ်အပိုင်းဖြစ်ပြီး နေ့စဉ် ဘုရားဖူးမြော် လာရောက်သူများနှင့် စည်ကားသည့်နေရာဖြစ်သည်။

ဂျပန်ဘုရားကြီးကို ဖူးမြော်ရင်းနာမည်ကျော် ကုန်းဘောင်ခေတ် ရှေးဟောင်းသံချက်ဖိုကြီးကိုလည်း တစ်ပါတည်းလေ့လာနိုင်ကြောင်း၊ ကမာကူရဂျပန်ဘုရားကြီးကို ရတနာပုံ ဧရာဝတီမြစ်ကူးတံတားကြီး ပေါ်မှလည်း ထင်ရှားစွာဖူးမြော်တွေ့ရကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

မြင်းခြံမြို့ မြန်မာအမျိုးသမီးများနေ့အခမ်းအနား၌ စာစီစာကုံးပြိုင်ပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအား ဆုပေးအပ်ပွဲကျင်းပ

မြင်းခြံ၊ ဇူလိုင် ၆

မြင်းခြံမြို့၌ ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ နံနက် ၈ နာရီ ၂၀ မိနစ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက မြန်မာအမျိုးသမီးများနေ့အကြောင်းကို ဟောပြောခဲ့ပြီး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင်များ၊ စေတနာညကျောင်းမှ ဖြေဆိုအောင်မြင်သူများကို ဆုချီးမြှင့်ခဲ့သည်။

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်တွင် ဆုရရှိသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့သည်။

အမျိုးသမီးရေးရာအဖွဲ့မှ ဦးစီးသော စေတနာညကျောင်းတွင် သင်ကြားပြသခဲ့သော ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့အား အလှူငွေများကို အလှူရှင်များမှပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းမှ လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊လူမှုရေး အဖွဲ့အစည်းများ၊အလှူရှင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ရမည်းသင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးမိ

ရမည်းသင်း၊ ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ မြို့မစခန်းမှူး ဒုရဲမှူး ကျော်ကိုကိုနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၁ ရက် ညနေ ၄ နာရီကစည်ပင်သာယာလမ်း၊ ကျောင်းတိုက်စုရပ်တွင် မူးယစ်ဆေးဝါး သတင်းအရစောင့်ဆိုင်းနေစဉ် တောင်မှမြောက်သို့လာသော ကိုနိုင်(ခ)ခင်မောင်စန်းအသက် ၄၈ နှစ်နှင့် ဗ. မ. က အရှေ့၊ ရမည်းသင်းနေသူ စီးနင်းလာသူနောက်မှ ဝဏ္ဏထွန်းအသက်၃၇ နှစ် ရွာတန်းအုပ်စု၊ အုတ်ဖိုရွာနေသူတို့သည် ဟွန်ဒါဝေ့ နက်ပြာရောင် 110 ဆိုင်ကယ်အားရပ်တန့်ရှာဖွေရာ ဝဏ္ဏထွန်း၏ ပုဆိုးခါးပုံစအတွင်းမှ အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော တစ်ပြားလျှင် တစ်ဂရမ်ရှိ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြား၊ အစိမ်းရောင် နှစ်ပြားစုစုပေါင်း ၁၈၇ ပြားတွေ့ရှိ၍ ရမည်းသင်း၊ မမစ၊ မူးယစ်ပုဒ်မ ၁၅/၁၉(က)/၂၁ အရအရေးယူထားရှိခဲ့သည်။

ကိုနိုင်(ခ)ခင် မောင်စန်း၏နေအိမ်အား ဇူလိုင် ၁ ရက် ညနေ ၄ နာရီခွဲက သတင်းအရသက်သေများနှင့်အတူ ထပ်မံရှာဖွေရာ ကိုနိုင်(ခ)ခင်မောင်စန်း၏ ဇနီးဖြစ်သူ မသန္တာဦး အသက် ၅၁ နှစ်၊ ကျောင်းတိုက်စုရပ်၊ ရမည်းသင်းရပ်နေသူ၏ ညာလက်အတွင်းအပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်ထားသည့်တစ်ပြားလျှင် ၁ဂ ရမ်ရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၀၊ အစိမ်းရောင် နှစ်ပြား၊ အပြာရောင် အအေးစုတ်ပိုက်ဖြင့်ထုတ်လျက် WY စာတန်းပါ ပန်းရောင်မူးယစ်ဆေးပြားတောင့်သုံးပြားပါ သုံးတောင့်၊ အနီရောင် အအေးစုပ်ပိုက်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားနှစ်ပြားပါ နှစ်တောင့်၊ အဖြူရောင်အအေးစုပ်ပိုက်ဖြင့်ထည့်လျက် WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားပါ သုံးတောင့် စုစုပေါင်း ၁၂၅ ပြားထပ်မံတွေ့ရှိရာ ရမည်းသင်း မစစ၊ မယ(ပ)၅/၂၀၁၄ မူးစိတ်ပုဒ်မ ၁၅/၁၉(က)၂၁ ဖြင့်တရားခံ မသန္တာဦး၊ ကိုနိုင်(ခ)ခင်မောင်စန်း၊ဝဏ္ဏထွန်းတို့အားရမည်းသင်းမြို့၊မြို့မစခန်းမှူးဒုရဲမှူးက တိုင်တန်းထားရှိကြောင်း သိရသည်။ **(၆၅၄)**








ဧရာဝတီမြစ်ရေတိုးချိန် ငါးများသူပေါများသဖြင့် မျှားတံဝါးများ အရောင်းသွက်နေ

အမရပူရ၊ ဇူလိုင် ၆

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့် စကားနှင့်အညီ ဧရာဝတီမြစ်ရေတိုးလာပြီဖြစ်၍ အင်းအိုင်နှင့် မြေနိမ့်ရေဝင်ဒေသများတွင် တဖြည်းဖြည်းနှင့် မြစ်ရေများ ဝင်ရောက်ပြည့်လျှံလာနေပြီဖြစ်ရာ ငါးမျှားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ ငါးမျှားဝါသနာပါသူများနှင့် ရေဆိပ်မြစ်ဆိပ်များတွင် စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

ယခု မုတ်သုန်ရာသီ မြစ်ရေတိုးချိန်ကာလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း၌ မျိုးပွားမျိုးချရန် လှည့်လည်သွားလာ ပျော်မြူးလျက်ရှိနေသည့် ငါးရစ်တက်ငါးများ ပေါလေ့ရှိသဖြင့် ငါးမျှားသူများလည်း ပေါများနေခြင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ကမ်းတစ်လျှောက်၊ စစ်ကိုင်း-မြစ်ငယ်လမ်း၊ တောင်သမန်အင်း၊ ရှမ်းကလေးကျွန်း၊ သံလျှက်မော်၊ တံတားဖြူ စသည့် နေရာများတွင် ငါးမျှားသူများ ပေါများလျက်ရှိနေပြီး ထိုသို့ ငါးမျှားသူများပေါများနေသဖြင့် မြစ်ငယ်လမ်းခွဲနှင့် စစ်ကိုင်း-မန္တလေး ဒွေးလမ်းတစ်လျှောက်တွင် ငါးမျှားတံဝါး ရောင်းချပေးနေသည့်ဆိုင်များကိုလည်း အများအပြား တွေ့ရသည်။

“ဒီနှစ် အရင်နှစ်တွေကထက် ငါးမျှားတံပိုရောင်းကောင်းတယ်။ ဝါဆို၊ ဝါခေါင်လတွေမှာ ရောင်းကောင်းတယ်။ ငါးမျှားတံတစ်ချောင်းကို ထီးရိုးဝါးက ကျပ် ၇၀၀၊ ဖယောင်းဝါးက ကျပ် ၈၀၀ ရောင်းတယ်။ ငါးမျှားချိတ်၊ ဖော့၊ ခဲပြားတို့ကိုလည်း ရောင်းပေးတယ်။ ငါးမျှားတံဝါးတွေကိုတော့ ပြင်ဦးလွင်နဲ့ မိုးကုတ်ဘက်ကနေမှာပြီး ပြန်ရောင်းတယ်။ ထီးရိုးဝါး ငါးမျှားတံက တစ်နှစ်ခွဲလောက်ခိုင်တယ်။ ဖယောင်းဝါး မျှားတံကတော့ တစ်နှစ်လောက်ပဲ သုံးလို့ရတယ်။ ငါးမျှားချိတ်တစ်ချောင်းကို ကျပ် ၅၀၊ ဖော့တစ်လုံး ကျပ်တစ်ရာ၊ ခဲပြားတစ်ပြား ကျပ် ၅၀ နဲ့ ရောင်းပေးတယ်”ဟု ရွှေကြက်ယက်၊ ပတ္တမြားရွာမှ ငါးမျှားတံရောင်းချသူတစ်ဦးက ပြောပြသည်။

ဖြောင့်စင်းချောမွေ့သော ဝါးငါးမျှားတံတစ်ချောင်း ဖြစ်လာစေရန်အတွက် မီးအပူပေး၍ ဖြောင့်ပေးရကြောင်း၊ ဝါးဖြောင့်ခနှင့် ဝါးဆစ်သပ်ခအနေဖြင့် ကျပ်တစ်ရာစီပေးရကြောင်း၊ ဝါးကြမ်းတစ်ချောင်းလျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချပြီး အသင့်အချောသပ် မီးဖြောင့်ပြီး ငါးမျှားတံတစ်ချောင်းလျှင် ကျပ် ၇၀၀၊ ၈၀၀ ဖြင့် ရောင်းချကြောင်း ရောင်းချသူများက ပြောသည်။

ငါးမျှားတံအဖြစ်အသုံးပြုသည့် ထီးရိုးဝါးများသည် ပြင်ဦးလွင်မြို့နယ်မှထွက်ရှိပြီး ဖယောင်းဝါးများကို မိုးကုတ်နယ်မှ သယ်ယူရောင်းချကြောင်းနှင့် မြစ်ရေတိုးချိန်ကာလတွင် စားဝတ်နေရေးအတွက် ငါးမျှားသူများထက် အပျော်တမ်း ငါးမျှားကြသူများက ပိုမိုများပြားကြောင်း၊ အပျော်တမ်းငါးမျှားသူများကြောင့်လည်း ငါးမျှားတံဝါးများ ရောင်းကောင်းကာ ရောင်းချနေသူများ ဝင်ငွေရှင်နေကြကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

ဝက်လက်မြို့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ဝက်လက်၊ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ယခင်က မြန်မာအမျိုးသမီးများသည် မိသားစု၏ အိမ်မှုတာဝန်ကိုသာ ထမ်းဆောင်ခဲ့ကြသော်လည်း ယခုအခါ နိုင်ငံ့တာဝန်ကို အမျိုးသားများနှင့်ရင်ပေါင်တန်း ထမ်းဆောင်ရင်း မိမိတို့သားသမီးများ လမ်းမှား မရောက်အောင် သွန်သင်ဆုံးမကြရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြရန်နှင့် သူများပြောစကားကို အယုံမလွယ်ကြရန် အမျိုးသမီးများ လမ်းမှားမရောက်အောင် စဉ်းစားချင့်ချိန် အသိဉာဏ်ပညာ ဗဟုသုတရရှိရေး စာအုပ်စာပေများကို လေ့ဖတ်ရှုကြရမည်ဖြစ်ကြောင်း၊ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းက အခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်က အမျိုးသမီးများနေ့အကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင် ဒေါ်မြမြဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ဒု-ပညာရေးမှူး ဒေါ်သေးတင်က စာရေးဆရာမ ဒေါက်တာခင်ဆွေမြင့်၏ မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုမှတ်တမ်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဒေါ်စန်းစန်းဝင်းက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာတရားစီရင်မှုနှင့်ဥပဒေရေးရာများကိုလည်းကောင်း ဟောပြောခဲ့ကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီကုံးပြိုင်ပွဲဆုရရှိသူများအား တာဝန်ရှိသူများကဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။ **နန်းမြင့်**

မြင်းခြံမြို့အနောက်ဘက်ရှိ ဆယ်ကန်အင်းတွင် လူတစ်ဦးရေနစ်သေဆုံး

မြင်းခြံ၊ ဇူလိုင် ၆

မြင်းခြံမြို့၏အနောက်ဘက်ရှိ ဧရာဝတီမြစ်ကျိုးအင်းတစ်ခုဖြစ်သော ဆယ်ကန်အင်းအတွင်း လူသေအလောင်းတစ်ခုပေါ်ပေါက်လာ၍တာဝန်ရှိသူများမှ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ ဦးစိန်မောင်မြင့်(ခ)ဖိုးစိန် ၃၉ နှစ် အမှတ်(၁)ရပ်ကွက် နယ်မြေ(၃)တွင်နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။ ဦးစိန်မောင်မြင့်(ခ)ဖိုးစိန်သည် ဇွန် ၃၀ ရက် ည ၈ နာရီခန့်က အိမ်မှထွက်သွားပြီးနောက် တစ်ရက်အထိ ပြန်မလာသဖြင့် ၎င်း၏ဇနီးဖြစ်သူက လိုက်လံရှာဖွေခဲ့သည်။ ၎င်းမှာ ဇူလိုင် ၂ ရက် နံနက် ၇ နာရီခန့်တွင် ဆယ်ကန်အင်းသို့ ငါးမျှားလာသူမှ တွေ့ရှိခဲ့ပြီး ၎င်းသေဆုံးမှုအား မြင်းခြံမြို့မရဲစခန်း၊ စခန်းမှူး ဒုတိယရဲမှူး မြင့်နိုင်မှ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်-မဟုတ်ကို သေမှုသေခင်း အမှတ်စဉ် (၁၀/၂၀၁၄) ဖြင့် ဖွင့်လှစ် အရေးယူဆောင်ရွက်ကြောင်း သိရှိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

အငှားယာဉ်များတွင် တက္ကစီမီတာ စနစ် ပြန်လည်အကောင်အထည် ဖော်သင့်

ရန်ကုန် ဇူလိုင် ၆

သယ်ယူပို့ဆောင်ရေးစနစ်တွင်ပါဝင်သည့် အငှားယာဉ်များအား တက္ကစီမီတာစနစ်တပ်ဆပ်အသုံးပြုပါကယခုရှိသည့် အငှားယာဉ်အရေအတွက်ထက် ပိုမိုလိုအပ်နေသေးကြောင်း အငှားယာဉ်မောင်းနှင်သူများအသင်း ဥက္ကဋ္ဌဦးကိုကိုက ပြောသည်။ “အငှားယာဉ်တွေကို တက္ကစီမီတာတပ်ဆင်တာက ခရီးသွားပြည်သူ တွေအတွက်လည်း အဆင်ပြေသလို ယာဉ်ကြောရှင်းလင်းရေးမှာလည်း အနည်းငယ်အထောက်အကူပြုတယ်။ ကျွန်တော်တို့နိုင်ငံမှာ တက္ကစီမီတာ စနစ်နဲ့ သွားမယ်ဆိုရင် အခုရှိနေတဲ့ တက္ကစီအရေအတွက်ထက် ပိုမိုလိုအပ် မှုရှိနေတယ်” ဟု ယင်းက ပြောသည်။ လက်ရှိတွင် ရန်ကုန်မြို့၌ အငှားယာဉ်အစီးရေ ၄၈၀၀၀ ခန့်သာရှိပြီး တက္ကစီမီတာစနစ် တပ်ဆင်ထားရှိပါက ရန်ကုန်မြို့ အငှားယာဉ်အရေအတွက်မှာ ခြောက်သောင်းမှ ခုနစ်သောင်းအထိ လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။ ယခုပြေးဆွဲလျက်ရှိသည့် အငှားယာဉ်များတွင် ယခင်နှစ်များက အကောင်အထည်ဖော်ခဲ့သည့် တက္ကစီ မီတာစနစ်ပြုလုပ်ပါက အငှားယာဉ်စီးနင်း သူနှင့်ယာဉ်မောင်းသူပါ အဆင်ပြေလာနိုင်ကြောင်းသိရသည်။ **ကေသိန်းဆွေ**

ချောက်မြို့ သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲများဖိတ်ကြားလွှာ

ချောက်မြို့သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံမိသားစု၏ ဝါဆိုသင်္ကန်းကပ်လှူပွဲများကိုသက်ဆိုင်ရာမြို့အလိုက် အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်ကြမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့်သူငယ်ချင်းများအားလုံးတို့သည် နီးစပ်ရာမြို့များ တွင် ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲများသို့မပျက်မကွက်တက်ရောက်နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

အစီအစဉ်

နေရာ		နေ့ရက်	အချိန်
ရန်ကုန်	အဘိဓမ္မာရတနာယရဓမ္မဗိမာန် ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်	၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့)	နံနက် ၉နာရီမှ မွန်းတည် ၁၂နာရီထိ
မန္တလေး	၃၁×၇၁ထောင့်၊ နန်းဦးတိုက် မော်လမြိုင်ကျောင်း၊ ချမ်းအေးသာဇံ	၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့)	နံနက်၉ နာရီမှ မွန်းတည့် ၁၂နာရီထိ
မကွေး	ဝေဠုဝန်ကျောင်းတိုက် (မြသလွန်ဘုရားအနီး)	၂၀-၇-၂၀၁၄ (တနင်္ဂနွေနေ့)	နံနက် ၉ နာရီမှ မွန်းတည့်၁၂နာရီထိ

(မကွေးမြို့တွင် ညနေ ၆ နာရီ၌ ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်)

လှူဒါန်းလိုသူများသည်အောက်ပါ ပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန် (၁)ဦးမျိုးချစ် (ဖုန်း-၀၉-၇၃၁၁၄၅၆၈)
(၂)ဦးညီညီထွန်း (ဖုန်း-၀၉၅၁၀၄၃၃၅)
(၃)ဦးညီညီထွန်း (ဖုန်း-၀၉၅၁၀၂၉၉၄)
(၄)ဦးအောင်မြ (ဖုန်း-၀၉-၅၀၅၇၀၂၄)

မကွေး (၁)ဦးခင်မောင်ဝင်း (ဖုန်း-၀၉-၅၃၄၀၄၉၅)
(၂)ဦးအေးမင်း(ဖုန်း-၅၃၄၀၇၈၇)
(၃)ဦးနေထွန်းအောင် (ဖုန်း-၅၃၄၀၅၈၃)

မန္တလေး (၁)ဦးစိန်ဝင်း (ဖုန်း-၀၉-၄၃၁၇၂၄၄၀)
(၂)ဦးထွန်းဝင်း (ဖုန်း-၀၉-၂၀၀၉၈၃၅)

095 095 095, ☎ 01-682944

မူးယစ်ကင်းစင် အလှဆင်

ဒေသဝမ်းစာဖူလုံရေး ကျေးရွာအရောက် တောင်သူနည်းပညာပေးဟောပြော

ရေစကြို၊ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်(မြေ၊ မျိုး၊ ပိုး) တာဝန်ခံဝန်ထမ်းများသည် ကျေးရွာများသို့ သွားရောက်ကြပြီး တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးဖြင့် ဝင်ငွေနှစ်ဆတိုးတက်ရရှိရေးစပါးအပါအဝင် မိုးသီးနှံများ လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် တောင်သူနည်းပညာပေးဟောပြောဆွေးနွေးပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ် ချောင်းမြေကျေးရွာ ဓမ္မာရုံတွင် ဇူလိုင် ၃ ရက်က တောင်သူများနှင့်တွေ့ဆုံ၍ နည်းပညာပေးဟောပြောဆွေးနွေးပွဲတွင် မြို့နယ်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမြင့်ဦး၊ မြို့နယ်ဆည်မြောင်းဌာန တာဝန်ခံ ဦးသန်းမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစိန်မောင်တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက်အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် စိုက်ပျိုးရေးတွင် အဓိကအရေးပါသော (မြေ၊ မျိုး၊ ပိုး) အကြောင်းများနှင့်ပတ်သက်၍ ဒု-လ/ထ ဦးစီးမှူး ဦးအောင်သိန်းမှ မြေဆီလွှာဓာတ်မြေဩဇာ သဘာဝမြေဩဇာများအကြောင်းကိုလည်းကောင်း၊ လ/ထ ဦးစီးမှူး ဒေါ်ကေသွယ်မြင့်က မျိုးကောင်း မျိုးသန့်အကြောင်းနှင့် ရွေးချယ် စိုက်ပျိုးအထွက်တိုးပုံ အကြောင်းကိုလည်းကောင်း၊ ဒု-လ/ထ ဦးစီးမှူး ဦးလှိုင်မင်းထက်က ပိုးမွှားရောဂါအကြောင်းနှင့်သီးနှံဖျက်ပိုးအမျိုးမျိုး ကာကွယ်ပုံများကိုလည်းကောင်း ဟောပြောကြပြီး ဦးစီးအရာရှိ ဦးစိန်မောင်က ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးကို သိပ္ပံနည်းကျစိုက်ပျိုးရေး၊ (GAP) စနစ် ၁၄ ချက်နှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ အခြားသီးနှံများကိုလည်း မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိ၊ အကျိုးများပုံကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖေထွေးဇော်(ရေစကြို)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးတွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီမှစတင်ကာ အမှတ် ၆၅ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်စောဝင်း ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့သည် လားရှိုးမြို့ ရေပန်းလမ်းဆုံမှ မန်ဆူဘုရားဝင်းရှေ့ထိ ယာဉ်အန္တရာယ်လျော့ပါးစေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရ လမ်းလယ်တွင် မောင်းနှင်သွားလာနေသော ဆိုင်ကယ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးလျှင် လက်ယာဘက်၊ ညာဘက်ကပ်စီးရန်နှင့် နှစ်ဦးထက်ပိုမစီးရန်၊ ဆိုင်ကယ်စီးသူများ ဦးထုပ်ဆောင်းရန်၊ အရှိန်လျှော့မောင်းရန်တို့အား Hand Speakerဖြင့် ကြေညာအသိပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဟန်ငွေး(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

နတ်တလင်း၊ ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ တာပွန်လမ်း၊ ထိန်သေး၊ ပေါက်တန်းရွာအနီး မိုင်တိုင်အမှတ် ၆၈ တွင် တစ်ဖာလုံမှ နှစ်ဖာလုံထိ သစ်တောဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အား ဇူလိုင် ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပ၍ ရတနာတန်းဝင်အရိပ်ရပင်၊ ပန်းအလှပင်များစိုက်ပျိုးရာ ကျွန်း ၅၀ ပင်၊ ပိတောက် ၅၀ ပင်၊ မဟော်ဂနီ ၅၀ ပင်၊ ခရေ ၅၀ ပင်၊ စိန်ပန်းပု ၁၀၀ ပင်၊ သပြေ ၅၀ ပင်၊ ကုက္ကို ၅၀ ပင်၊ ရေတမာ ၅၀ ပင်၊ မဲဇယ် ၅၀ ပင် စုစုပေါင်း အပင် ၅၀၀ တို့ကို စိုက်ပျိုးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းသီတာညွန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ NGO များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၂၀၀ တက်ရောက်ကြောင်း သိရသည်။ **(ဝ၇၁)**

အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံး

ရန်ကုန်၊ ဇူလိုင် ၆

ဇွန် ၂၈ ရက် ည ၉ နာရီခွဲခန့်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့မရဲစခန်းမှ ဒုရဲမှူးစိုးပိုင်နှင့်အဖွဲ့သည် (၂၇)ရပ်ကွက် ပင်လုံဆေးရုံဘေး ရှုခင်းသာယာလမ်းပေါ်တွင် အသက် ၃၀ အရွယ် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ ပက်လက်အနေအထားဖြင့် ဝဲဘက်ချိုစောင်းရှေ့ ပြတ်ရှဒဏ်ရာ၊ နဖူးစပ်ပြတ်ရှဒဏ်ရာ၊ လက်ပြတ်ရှဒဏ်ရာများ ရရှိသေဆုံးနေသည်ကို သိရသဖြင့် အရေးယူပေးပါရန်တိုင်ကြားခဲ့ခြင်းကြောင့် ဒဂုံမြို့သစ် မြောက်ပိုင်း မြို့မရဲစခန်းက(ပ)၃၅၄/၁၄ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

ရေလယ်ဘုရားအနီးအမျိုးသမီးတစ်ဦးရေနစ်သေဆုံး

မိတ္ထီလာ၊ ဇူလိုင် ၆

မိတ္ထီလာမြို့၊ မိတ္ထီလာကန် ရေလယ်ဘုရားအနီးတွင် ဇူလိုင် ၂ ရက် ညနေ ၅ နာရီခွဲခန့်က အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒေါ်သီတာခင် ၄၀ နှစ် (စိတ်ရောဂါဝေဒနာရှင်) မင်္ဂလာဇေယျံရပ် ရန်မျိုးအောင်ရပ်ကွက်နေထိုင်သူသည် စိတ်ဖောက်ပြန်ပြီး ရေလယ်ဘုရားရေကန်အတွင်း ခုန်ချခဲ့ရာမှ ရေနစ်သေဆုံးခြင်းဖြစ်သည်။ အဆိုပါ ရေနစ်သေဆုံးမှုအား ဓမ္မတာတိုင်းသေဆုံးခြင်း ဟုတ်-မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းအမှတ် ၉ / ၂၀၁၄ ဖြင့် မိတ္ထီလာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(၅၇၉)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လင်းခေတွင် (၃၈) ကြိမ်မြောက် မြို့နယ်အသံမစဲ ပဋ္ဌာန်းတရားပွဲကျင်းပ

လင်းခေး၊ ဇူလိုင် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၏ (၃၈) ကြိမ်မြောက် မြို့နယ်လုံးကျွတ် အသံမစဲပဋ္ဌာန်းတရားပွဲတော်နှင့် ဝါဆိုသင်္ကန်းကပ်လှူသည့်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၄ နာရီခွဲက လင်းခေးမြို့ မဟာမြတ်မုနိဘုရားကျောင်းတော် ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဝါဆိုကျောင်းတိုက် ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဦးကောသလ္လနှင့် ရဟန်းသံဃာတော်များက ဘုရားအနေကဇာတင် ပရိတ်တရားအား ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပရိသတ်များက ဘုရားရှင်အား ဆီမီး၊ ပန်း၊ ဆွမ်းများ ဆက်ကပ်ပူဇော်ခဲ့ သည်။

အဆိုပါပဋ္ဌာန်းပူဇော်ပွဲကို ဇူလိုင် ၂ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ (၁၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ခြင်းကိုလည်း အတူတကွပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းနှင်းလတ်(ပြန်/ဆက်)**

ကားရောင်းရန်ရှိသည်

Mercedes Benz 2011 C-200 1800C.C ခတ်ဆီ၊ ယာယီ၊ ညာမောင်း၊ အနက် 3000km ကျော်၊ သိန်း ၅၅၀(ညှိနှိုင်း)
ဖုန်း-၀၉၇၃၂၀၁၇၈၄

နေပြည်တော်အချက်အချာကျသောမြေရောင်းမည်

ရွှေကြာပင်၊ ကျောက်မျက်ဈေးမျက်နှာချင်းဆိုင်၊ ထောင့်ကွက် ပေ(၆၀×၆၀)၊ ရေ၊ မီး ပါသည်။ စီးပွားရေးလုပ်ရန် နေရာကောင်း၊ အကျိုးဆောင် (၂%)
ဖုန်း- ၀၉-၂၅၀၅၃၇၁၅၀





ကြော်ငြာစာ

၁။ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၅-၂၀၁၆) ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါအရာရှိလောင်းဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၂၀-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet (CD/43) Diploma in Nautical Studies/Dip:N.S သင်တန်းအမှတ်စဉ်(၉)

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/41)Diploma in Maritime Technology/ Dip:Mar. Tech. သင်တန်းအမှတ်စဉ်(၉)

၂။ ပညာအရည်အချင်းကန့်သတ်ချက်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၄၂၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်

(က) ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။

(ခ) အရပ်အမောင်း၅ပေ၄လက်မ အနည်းဆုံးရှိရမည်။

(ဂ) ကိုယ်အလေးချိန် ၁၀၀ပေါင် အနည်းဆုံးရှိရမည်။

(ဃ) ရင်အုပ်(၃၂)လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။

(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမရွေးချယ်မှု

လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့် အရေအတွက် ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-

(က) နားစစ်ဆေးခြင်း။

(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။

(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ၊ မရှိစစ်ဆေးခြင်း)။

(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ၊ မရှိစစ်ဆေးခြင်း။

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-

(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည် မဟုတ်ပါ)

(ခ) အမည်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဃ) မွေးနေ့သက္ကရာဇ်

(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သောခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊ တိုင်း ဘာသာရပ်အလိုက်ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်း အမှတ်

(ဆ) အဖအမည်နှင့်အလုပ်အကိုင်

(ဇ) အမိအမည်နှင့်အလုပ်အကိုင်

(ဈ) နေရပ်လိပ်စာအပြည့်အစုံ

(ည) ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့်နေရပ်လိပ်စာ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း

(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)

(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)

(စ) ပဏာမအဆင့် ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်း ခံရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည် မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှ တစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ်သင်တန်းကြေး (၄၂၀၀ဝိ/-)အဆောင်ကြေး ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင် ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစားအဆောင်နေကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်း ပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/Diploma in Maritme Technology)နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းပြီးဆုံးခြင်း လက်မှတ် (Mercantile Marine Nautical/Engineering Cadet Training Course Completion Certificate)များ အပ်နှင်းပေးပါမည်။

၁၃။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်း ပြုမည်မဟုတ်ပါ။** မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၊ သင်တန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ်(၅၃၉၄၆၄/၅၃၉၄၆၅၊ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ကျောင်းအုပ်ကြီး
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်
(၂၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက်တွင် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန-နာယကဆရာတော်အမှူးရှိသော စာချစာသင်သံဃာတော်များနှင့် ပင့်သံဃာအရှင်မြတ်တို့အား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲအခမ်းအနားကို (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော်-၂ရက်) ၁၃-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လိုသူများသည် ဆွမ်းစရိတ်အပါအဝင် သင်္ကန်းတစ်စုံလျှင် (၅၀၀၀ိ/-)(ကျပ်ငါးထောင်) နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပစ္စည်းလေးပါးထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့
ဖုန်း-၀၁-၅၇၈၄၂၉

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရန်ကြော်ငြာခြင်း

၁။ ဆားနှင့်အပိုဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ဆားလုပ်ငန်းဥပဒေနှင့်အညီ ၂၀၁၄-၂၀၁၅ခုနှစ် (ဇွန်လ ၁ရက်မှ မေလ ၃၁ ရက်)အတွက် ထုတ်လုပ်ခွင့်လိုင်စင်များကို ၂၀၁၄ခုနှစ် ဇွန်လ၁ရက်မှ အောက်တိုဘာလ ၃၁ရက်အတွင်း မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်သို့ လျှောက်ထားကြရန် နှိုးဆော်အပ်ပါသည်။

၂။ (၃)နှစ်လိုင်စင်ရရှိထားသူများမှာ အသစ်ပြန်လည်လျှောက်ထားရန်မလိုဘဲ လိုင်စင်ကတ်ပြားတင်ပြ၍ သက်တမ်းတိုးနိုင်သည်။

၃။ စာပိုဒ်(၁)ပါသတ်မှတ်ရက်အတွင်း လိုင်စင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး လျှောက်ထားခြင်းနှင့်သက်တမ်းတိုးခြင်းအား ဒဏ်ကြေး(ရက်လွန်ကြေး)အဖြစ် တစ်ရက်လျှင် (၃၀၀/-)ကျပ်နှုန်းဖြင့် ပေးဆောင်ရမည် ဖြစ်ပါသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းများဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ လိုင်စင်လျှောက်လွှာပုံစံများကို တစ်စုံလျှင် ငွေကျပ်(၄၅၀၀/-)ကျပ်နှုန်းဖြင့် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်ထားသည့် အောက်ဖော်ပြပါ ရုံးခွဲများနှင့် အချိန်မီ ဆက်သွယ်ရယူနိုင်ပါသည်။

ဆက်သွယ်ရယူနိုင်သည့်ရုံးခွဲများ	**လုပ်ငန်းတည်ရှိသောပြည်နယ်/တိုင်းဒေသကြီးများ**
(က) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရုံးအမှတ်(၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန နေပြည်တော် ဖုန်း ၀၆၇-၄၀၉၂၄၁	နေပြည်တော်ကောင်စီနယ်မြေ
(ခ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးရုံး မြခွာညိုလမ်း၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတ ဖုန်း-၀၁-၄၅၀၁၈၉	ရန်ကုန်တိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး
(ဂ) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မွန်ပြည်နယ်/တနင်္သာရီတိုင်းဒေသကြီးရုံး ကမ်းနားလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၄၂၂၀	မွန်ပြည်နယ်/တနင်္သာရီတိုင်းဒေသကြီး
(ဃ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီးရုံး ဗိုလ်တေဇလမ်း၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၄၉၄၄	ဧရာဝတီတိုင်းဒေသကြီး
(င) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ်ရုံး အစိုးရရပ်ကွက်၊ ကျောက်ဖြူမြို့ ဖုန်း-၀၄၃-၄၆၀၁၉	ရခိုင်ပြည်နယ်
(စ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီးရုံး အိုးဘိုရပ်၊ စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၄၆၈	ကျန်ပြည်နယ်/တိုင်းဒေသကြီးများ

၅။ လိုင်စင်လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ အပိုဒ်(၄)တွင် ဖော်ပြထားသည့်ရုံးခွဲများသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုသည့် အချက်အလက်များကို အပိုဒ်(၄)တွင်ဖော်ပြထားသော ရုံးခွဲအသီးသီးနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

စာအုပ်လှူမလား၊ စာကြည့်တိုက်ဖွင့်မလား

အုပ်(၄၀၀)(သို့)(၃၀၀)ကို ငွေကျပ်တစ်သိန်းဖြင့် ကျောင်း၊ စစ်တပ်၊ ကျေးရွာ၊ စာကြည့်တိုက်များအတွက် ဝတ္ထု၊ ပုံပြင်၊ နိုင်ငံရေး၊ ဘာသာရေး၊ အင်္ဂလိပ်စာ၊ ကျန်းမာရေး၊ ကာတွန်း၊ သုတစုံလင်သက်သာစွာ ပို့ပေးပါမည်။ **(မိုးမြင့်စာပေ)**

ဖုန်း၀၁-၅၄၃၁၄၃၊ ၀၉-၅၀၅၇၀၂၈

ဖခင်၊ မိခင်အမည်မှန်

ပန်းတနော်မြို့၊ အမက-လက်ျာကြီးကျေးရွာ၊ စတုတ္ထတန်းမှ မောင်ငွေလှိုင်၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးနေထွန်း၊ ဒေါ်မာလကျင် ဖြစ်ပါကြောင်း။

ဦးနေထွန်း-ဒေါ်မာလကျင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းစက်ရုံများမှထုတ်လုပ်ပြီး အရည်အသွေးပြည့်မီသည့် ဘိလပ်မြေများအား သက်ဆိုင်ရာစီမံကိန်းအရောက် ဈေးနှုန်း(D.D.P-at Site)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၄-၇-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။ တင်ဒါဝယ်ယူသည့်အခါ ဘိလပ်မြေအရည်အသွေးများအား ကြိုတင်စစ်ဆေးရန်အတွက် နမူနာ(၁၀)အိတ် ပေးသွင်းထားရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်း ရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Over all Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊
၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့
“(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း”

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည် ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ပေါင်းစည်းထားသော မိုးညှင်းဒီဂရီကောလိပ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် ဂုဏ်ထူးဘွဲ့(ဝိဇ္ဇာ/သိပ္ပံဘွဲ့)၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့များ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်) လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၃-၇-၂၀၁၄ ရက်မှ ၃-၈-၂၀၁၄ရက်ထိ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ၂"×၁½" Sticker (ကပ်ခွာ)ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက်(၁၅၀၀ိ/-)ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက်(၁၀၀၀ိ/-)ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် “ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း”ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည် ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ဒီဂရီ ကောလိပ်အပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။

၅။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် “အဝေးရောက်ဘွဲ့” အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည် ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည် ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

